# ကြေးမုံ

**The Mirror**

၁၃၇၁ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်၊ တနင်္လာနေ့၊ (15-2-2010) (၆၃၁၅)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆားဘီးယားသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော ဆားဘီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆားဘီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘောရစ်တာဒစ်ချ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဆားဘီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော ဆားဘီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဆားဘီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာမီယကို ဇက်ဗ်ကိုဗစ်ချ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်းတို့ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာကင်ဂျုံအီး၏ မွေးနေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Sok Chol နှင့် ဇနီးတို့က ကြိုဆိုကြစဉ်။ (သတင်းစဉ်)

## ထူးခြားသည့် ညအပူချိန်များ

(၁၄-၂-၂၀၁၀)

| | | |
|---|---|---|
| လွိုင်လင် | ၂ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၄ | ဒီဂရီစင်တီဂရိတ် |

## နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာကင်ဂျုံအီး၏ မွေးနေ့အထိမ်းအမှတ်အခမ်းအနား တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်းတို့သည် ယမန်နေ့ ညနေ ၆ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ချန်ထရီယံဟိုတယ်၌ ကျင်းပသည့် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးကော်မရှင် ဥက္ကဋ္ဌ မစ္စတာကင်ဂျုံအီး၏ မွေးနေ့အထိမ်းအမှတ် အခမ်းအနားသို့ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

## ဒေသတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြှင့်တင်ဖြည့်ဆည်းပေးနိုင်တော့မည့် ကန့်ဘလူမြို့ ခုတင်(၁၀၀) ဆံ့ ပြည်သူ့ဆေးရုံသစ်ကြီး



၂၀၁၀ ခုနှစ် ဇန်နဝါရီလ ၂၈ ရက် နံနက်ခင်း အညာဆောင်းက အေးအေးမြမြ၊ ချမ်းချမ်းစိမ့်စိမ့် သို့သော် ကန့်ဘလူ နယ်သူ၊ နယ်သားများကား ရာသီဥတု၏ ချမ်းအေးမှုဒဏ်ကို အမှုမထား။ သစ်လွင်တောက်ပ ခံ့ညားထည်ဝါလှသည့် အဆောက်အအုံသစ်ကြီးတစ်ခုရှေ့တွင် ပျော်ပျော်ပြုံးပြုံး၊ အုန်းအုန်းကျွက်ကျွက်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့ ○**

**သတင်းဆောင်းပါး-ရန်ကြီးအောင်**

**ဓာတ်ပုံ-ကျော်ဇေယျ**

**အဆင်အပြင်-ကိုမင်း**

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး

✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး

✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး

✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၁၅-၂-၂၀၁၀
(တနင်္လာနေ့)

# မီးဘေးကြိုတင်ကာကွယ်မှု အစဉ်သတိပြု

ပူပြင်းခြောက်သွေ့သောရာသီတွင် မီးဘေးအန္တရာယ် ပိုမိုဖြစ်ပွားတတ်သဖြင့် ပြည်သူတိုင်းက အစဉ်သတိပြု ကြိုတင်ကာကွယ်ကြရပေမည်။ သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် တာဝန်ရှိသူများနှင့် ပြည်သူများပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဂရုပြုလိုက်နာဆောင်ရွက်ကြရမည် ဖြစ်သည်။

နိုင်ငံတစ်ဝန်း၌ ယခုနှစ် ဇန်နဝါရီလအတွင်း မီးလောင်မှု ၈၉ ကြိမ် ဖြစ်ပွားခဲ့ရာ မီးဖိုမီး၊ ပေါ့ဆမီး ၆၅ ကြိမ်၊ အလိုအလျောက်မီး တစ်ကြိမ်၊ လျှပ်စစ်မီး ၁၁ ကြိမ်၊ မသမာသူရှို့မီး ၁၁ ကြိမ်နှင့် တောမီးတစ်ကြိမ် ပါဝင်သည်။ မီးလောင်မှုများတွင် ရာခိုင်နှုန်း ၇၀ ကျော်သည် မီးဖိုမီးအပါအဝင် မဆင်မခြင်ပေါ့ဆစွာမီးသုံးစွဲမှုများကြောင့် ဖြစ်ပွားကြောင်းသိရသည်။

မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပြည်သူများ သိရှိလိုက်နာနိုင်ရေး အသိပညာပေး နှိုးဆော်လျက်ရှိသည်။ ဈေးများ၊ အထပ်မြင့်အဆောက်အအုံများ မီးဘေးကြိုတင်ကာကွယ်နိုင်ရန် စည်ပင်သာယာရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်တို့မှ အသိပညာပေးခြင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် အသိပညာပေးဟောပြောခြင်းများကို မပြတ်လုပ်ဆောင်လျက်ရှိသည်။

စက်ရုံ၊ အလုပ်ရုံများ၌ မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခြင်း၊ တစ်အိမ်တက်ဆင်း မီးသုံးစွဲမှု စစ်ဆေးခြင်းများ ပြုလုပ်လျက်ရှိသည်။ ဌာနဆိုင်ရာတို့က မီးလောင်မှုလျော့နည်းစေရေးအတွက် မီးသတိမူရေး၊ မီးဘေးကြိုတင် ကာကွယ်ရေးလုပ်ငန်းများကို ကျေးရွာများအရောက် ကျယ်ကျယ်ပြန့်ပြန့်ကြိုးပမ်းနေကြသကဲ့သို့ ပြည်သူများအပိုင်းကလည်း အလေးထားလိုက်နာကြရမည်ဖြစ်သည်။

မီးသတ်လုပ်ငန်းသည် လူတိုင်းနှင့် သက်ဆိုင်သည်။ သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာနှင့် ဈေးတိုင်းတွင် ရေဂါလန် ၅၀၀၀ ဆံ့အုတ်ရေကန်များ မဖြစ်မနေတည်ဆောက်၍ အချိန်ပြည့်ရေဖြည့်ထားကြရပါမည်။ နေအိမ်တိုင်း၊ အဆောက်အအုံတိုင်းတွင် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ အသင့်ထားရှိကြရပါမည်။ မီးကင်းများ စနစ်တကျချထားခြင်း၊ မီးသတ်တပ်ဖွဲ့က မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးအကြံပေးသည့်အခါ ပါဝင်ကူညီ လိုက်နာခြင်းများဆောင်ရွက်ကြရပါမည်။

မီးသည် သုံးတတ်လျှင်မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်သည်။ ပြည်သူတိုင်းက **မီးသုံးစွဲလျှင်အသိယှဉ် အစဉ်သတိအမြဲရှိ** ဆောင်ပုဒ်နှင့်အညီ မီးဖိုမှ မီးကြွင်းမီးကျန်များ၊ ခြင်ဆေးခွေများကို စနစ်တကျငြိမ်းသတ်ပြီးမှ အိပ်ခြင်း၊ ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်း၊ လဲလှယ်ခြင်းများ သတိပြုရှောင်ရှားကြခြင်းတို့ဖြင့် မြို့ပြ၊ ရပ်ကွက်၊ ကျေးရွာများအားလုံး မီးဘေးအန္တရာယ်မှ ကင်းဝေးနိုင်ကြမည်ဖြစ်ပါသည်။ ။

**ပြည်သူ့သဘောထား**

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကတ္တရာလမ်းသစ်ဖွင့်ပွဲများ တက်ရောက်အားပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၄

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယမန်နေ့ နံနက် ၇ နာရီခွဲတွင် သာကေတမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးရုံးသို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူတို့က မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။**

ထို့နောက် တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး (၇)ဈေးလမ်းအတွင်း ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ခြင်ဆေးဖျန်းဆောင်ရွက်နေမှုများ၊ ခြင်ထောင်ဆေးစိမ်လုပ်ငန်းများ၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်နေမှု၊ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှုနှင့် ကျန်းမာရေး အသိပညာပေးဟောပြောနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ် (၈၈) ရပ်ကွက် ငွေဇင်ယော်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး မြို့တော်ဝန်နှင့် တာဝန်ရှိသူတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကာ တိုင်းမှူးနှင့် မြို့တော်ဝန်တို့က ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး လမ်းတစ်လျှောက် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အမှတ် (၈၉) ရပ်ကွက်၌ ကျင်းပသည့် ဓမ္မရတနာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး တိုင်းမှူးနှင့် မြို့တော်ဝန်တို့က ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြကာ လမ်းတစ်လျှောက် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အမှတ် (၉၃) ရပ်ကွက်၌ ကျင်းပသည့် ရွှေလီလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်ကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ကျောင်းခန်းမ၌ကျင်းပရာ မြို့တော်ဝန်က အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် အလှူရှင်တစ်ဦးက ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီးကလက်ခံပြီး မြို့နယ်ပညာရေးမှူးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ ဟောပြောပွဲအတွက် စာရင်းပေးသွင်းနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း အမှုဆောင်ပါမောက္ခ ဦးမော်သန်းက လက်မှတ်ရပြည်သူ့စာရင်းကိုင်များအားလုံး သိရှိနားလည်ထားရန် လိုအပ်သော MFRS for SMEs(Part-III) ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဟောပြောပွဲတက်ရောက်သူသည် CPE နာရီအတွက် ထောက်ခံချက် ရရှိမည်ဖြစ်သည်။

ဟောပြောပွဲတက်ရောက်ရန် ဖေဖော်ဝါရီ ၂၄ ရက် နောက်ဆုံးထား၍ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ပထမထပ်ရှိ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း၌ မှတ်ပုံတင်ကြေးပေးသွင်းရမည်။ စာရင်းသွင်းရာတွင် အသင်းဝင်အမှတ်၊ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်ခွင့် လက်မှတ်အမှတ်(ရှိလျှင်)နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ဖော်ပြပေးရန်လိုအပ်ပြီး သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း)တက်ရောက်နေဆဲ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း(ရန်ကုန်)ရုံးခန်း၌ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပေးအပ်လှူဒါန်း



**ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီး တောင်ရပ်ကွက်နေ ဒေါ်ရင်နု၏ မွေးနေ့အထိမ်းအမှတ် အထွေထွေပဒေသာပင် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးညီညီလွင် (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။**

(ကြေးမုံ)

# အင်တာနက်အသုံးပြုမှု (ပထမအဆင့်)သင်တန်းဆင်း

**မုံရွာ ဖေဖော်ဝါရီ ၁၄**

မုံရွာမြို့ ကျောက္ကာလမ်းတွင်ရှိသော MCG Computer Centre ၌ အင်တာနက်နှင့်အီးမေးလ်အသုံးပြုမှု (ပထမအဆင့်) သင်တန်းဆင်းပွဲ အခမ်းအနားကိုဇန်နဝါရီ ၁၀ ရက် နံနက် ၈ နာရီခွဲက ကျင်းပရာ အခမ်းအနားသို့ မုံရွာမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းလှိုင်နှင့် အဖွဲ့ဝင်များ၊ မုံရွာမြို့ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူ ၂၁၉ ဦး တက်ရောက်ခဲ့ကြပြီး မုံရွာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းလှိုင်နှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

MCG Computer Centre အင်တာနက်နှင့် အီးမေးလ် အသုံးပြုမှုသင်တန်းကို ဒီဇင်ဘာ ၂၀ ရက်မှ ဇန်နဝါရီ ၁၀ ရက်ထိ ရက်သတ္တပါတ်ကြာ လက်တွေ့သင်ကြားပြသပေးခဲ့ကြောင်း သိရှိရသည်။

(ခရိုင်ပြန်/ဆက်)

# မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၅-၂-၂၀၁၀ (တနင်္လာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | တရားတော် |
| ၇း၁၀ | ၃။ | ဓမ္မပူဇာတေး |
| ၇း၂၀ | ၄။ | မျိုးချစ်တပ်မတော် |
| ၇း၂၅ | ၅။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၆။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၇။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၉။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၈း၁၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၂။ | အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၃။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၅ | ၃။ | အမျိုးသားရေးတေးကဗျာ |
| ၄း၂၀ | ၄။ | မြန်မာစာမြန်မာစကား |
| ၄း၃၅ | ၅။ | ရင်မှာစွဲလန်းတော်ဝင်ပန်း |
| ၄း၄၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅း၂၀ | ၇။ | စိုက်ပျိုးသုတ |
| ၅း၃၀ | ၈။ | ဗွီစီဒီကျော်ကြားတေးများ |
| ၅း၄၀ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၀ | ၁၂။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၆း၄၀ | ၁၃။ | သံစဉ်လမ်းက လင်းလက်ကြယ် |
| ၇း၀၀ | ၁၄။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မုန်းမုန်းမေ့မေ့ (အပိုင်း-၅၀)** |
| ၈း၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြား သတင်း |
| | ၁၆။ | နိုင်ငံတကာသတင်း |
| | ၁၇။ | မိုးလေဝသသတင်း |
| | ၁၈။ | အမျိုးသားရေးတေးကဗျာ |
| | ၁၉။ | **Talk of The Town** |
| | ၂၀။ | မေးမြန်းစူးစမ်း |
| | ၂၁။ | သီဆိုဖြေဖျော် တစ်ကိုယ်တော် |
| | ၂၂။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၃။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရှက်ဦးအချစ် (အပိုင်း-၃၀)** |
| | ၂၄။ | သင့်အတွက်မနက်ဖြန် |
| | ၂၅။ | အပိတ်နှုတ်ဆက်စကား |
| | ၂၆။ | ပြီးပါပြီ။ |

**✳ ရှေ့ဖုံးမှ**

တက်ရောက်ချီးမြှင့်ကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Sok Chol နှင့် ဇနီးတို့က ကြိုဆိုကြသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဇနီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့်ဇနီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

# ကြည့်ရှုစစ်ဆေး

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ လှည်းကူးမြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ရှာဖွေတူးဖော်နေသည့် အလင်းရောင်အစမ်းတွင်း အမှတ်(၃)ကို ကြည့်ရှုစစ်ဆေးစဉ်။**

(စွမ်းအင်)

# ဝန်ကြီး ဦးဉာဏ်ဝင်း ဆားဘီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော ဆားဘီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဆားဘီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဗွတ်ခ်ရဲရမစ်ချ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)



# ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ အလင်းရောင်အစမ်းတွင်း အမှတ် (၃) တူးဖော်ရေးလုပ်ငန်းခွင် ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်နေသည့် အလင်းရောင်အစမ်းတွင်း အမှတ် (၃) တူးဖော်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးရာ တာဝန်ရှိသူတို့က အလင်းရောင်အစမ်းတွင်း အမှတ်(၃) တူးဖော်နေသည့် အခြေအနေများ၊ လှည်းကူးနှင့် အင်းတိုင်ဒေသတို့၏ ဘူမိဗေဒ အနေအထားများနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်မည့်အခြေအနေ၊ တူးဖော်ထုတ်လုပ်နိုင်မည့် အလားအလာများ၊ လှည်းကူးဒေသ၌ ဆိုက်စမစ်တိုင်းတာနေမှုလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဝန်ကြီးက ယခုအလင်းရောင်အစမ်းတွင်း အမှတ် (၃) တူးဖော်နေမှုကို သတ်မှတ်ကာလအတွင်းပြီးစီးအောင် တူးဖော်နိုင်ရေးအတွက် အားလုံးက ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်အတွက် နှစ်စဉ်တိုးတက်များပြားလာသော သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကမ်းလွန်သဘာဝဓာတ်ငွေ့ကို ပိုမိုတိုးတက်သုံးစွဲနိုင်အောင် ဆောင်ရွက်နေလျက်ရှိသကဲ့သို့ တစ်ဖက်ကလည်း ကုန်းတွင်းသဘာဝဓာတ်ငွေ့ ပိုမိုတိုးတက်ထုတ်လုပ်သွားနိုင်ရေးအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ကြစေ လိုကြောင်း စသည်ဖြင့် မှာကြားပြီး ရှေ့ဆက်လက်ဆောင်ရွက်သွားရမည့် အစီအစဉ်များကို ချမှတ်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် အလင်းရောင်အစမ်းတွင်း အမှတ် (၃)အား တူးဖော်လျက်ရှိသည့် GEFCO IV တွင်းတူးစင်ပေါ်သို့ တက်ရောက်၍ တွင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်အနက်ပေသို့ ချောမွေ့စွာရောက်ရှိ တူးဖော်စမ်းသပ်နိုင်ရေး၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**(၅၄)ကြိမ်မြောက် နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ရွှေတိဂုံဘုရားလမ်းရှိ မြို့တော်စည်ပင်ခမ္မာရုံ၌ ဖေဖော်ဝါရီ ၁၄ ရက်က ကျင်းပရာ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ မြန်မာတစ်နိုင်ငံလုံးတွင် တတိယဆုရ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ဝေဖြိုးမောင်အား အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်အောင်(ငြိမ်း) ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (၁၉)

# မြန်မာပို့စ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၇)ဖြန့်ချိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

မြန်မာပို့စ်ဂျာနယ်အတွဲ (၂) အမှတ် (၇) ကို ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာပို့စ်ဂျာနယ်တွင် ၂၀၁၀ လွန်နှစ်များအတွင်း နိုင်ငံရေးပြောင်းလဲမှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်လာမည့် အလားအလာများကို မျှော်မှန်းလျက် ပြန်လည်နိုးထလာမည်ဟု အကဲဖြတ်နေကြသည့် အိမ်ရာမြေဈေးကွက်အပေါ် လေ့လာသုံးသပ်ထားသော '၂၀၁၀ ခုနှစ်ကို အခြေခံလျက် အိမ်ရာအဆောက်အအုံဈေးကွက် ပြန်လည်နိုးထဖွံ့ဖြိုးလာနိုင်သလား' မျက်နှာဖုံးသတင်းဆောင်းပါး၊ စက်သုံးဆီဖြန့်ဖြူးရေးလုပ်ငန်း ပုဂ္ဂလိက လုပ်ငန်းရှင်များ အဆိုပြုလွှာတင်သွင်းနေကြပြီ၊ ငွေအရင်းအနှီးကြီးမားသည့် ဘဏ်လုပ်ငန်းကိုပါ တိုးချဲ့လုပ်ကိုင်သွားမည်ဟု လွယ်ဟိန်းကုမ္ပဏီဥက္ကဋ္ဌ ပြောကြား၊ ကြက်ဘဲအဝင်ပုံမှန်အတိုင်းဖြစ်ပြီ၊ ကြက်ဘဲဈေးကွက် အထူးထိခိုက်မှုမရှိ စသော လေ့လာမှတ်သားသင့်သည့် သတင်းဆောင်းပါးများ၊ ပုဂ္ဂလိကအထည်ချုပ်လုပ်ငန်းများ အော်ဒါမှာယူမှုကျဆင်း၊ မလေးရှားတွင် တရားမဝင် လုပ်သားများအရေးယူမည်ဟု နှိုးဆော်၊ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေး မြို့တော်စည်ပင်ကျန်းမာရေးဌာနက ဆောင်ရွက်၊ နိုင်ငံတော်မှရောင်းချမည့် မြေ၊ အဆောက်အအုံနှင့် လုပ်ငန်းများကို ဝယ်ယူမည့် တိုင်းရင်းသားလုပ်ငန်းရှင်များအား ဘဏ်များမှ ချေးငွေထုတ်ချေးမည်စသည့် သိမှတ်ဖွယ်ရာသတင်းများ စုံလင်စွာဖော်ပြထားသည်။

ထို့ပြင် မောင်ဝံသ၊ မောင်စူးစမ်း၊ ဒေါက်တာနေဇင်လတ်၊ ဒေါက်တာစိန်စိန်သိန်းတို့၏ ဖတ်ရှုလေ့လာသင့်သည့် ဆောင်းပါးများနှင့်အတူ မြန်မာပို့စ်ဂျာနယ်တွင် အပတ်စဉ်ဖော်ပြနေကျ ပြည်တွင်း၊ ပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ အနုပညာသတင်းများ၊ နိုင်ငံတကာအားကစား၊ ကမ္ဘာတစ်လွှား ထူးခြားဖြစ်စဉ်များ၊ မှုခင်းစုံ စသည့် ကဏ္ဍများ ဝေဝေဆာဆာ ထည့်သွင်းတင်ဆက်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

**တနင်္သာရီတိုင်း စည်ပင်သာယာရေး အဖွဲ့မှ ညွှန်ကြားရေးမှူး ဦးလှမျိုး ကော့သောင်းမြို့ မြရည်ပုလဲလမ်း လမ်းဖာထေးမှုကို စစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)

# Hugo Paint ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

Hugo United Group International (Singapore) နှင့် Tet Nay Aung Co.,Ltd. (Sole Distributor) တို့ ပူးပေါင်းစီစဉ်သည့် စင်ကာပူနိုင်ငံမှ တိုက်ရိုက်တင်သွင်းသော Hugo Paint ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ Hugo Paint ဆေးပုံးသစ်များကို ပရိသတ်နှင့် မိတ်ဆက်ပေးပြီး တက်နေအောင် ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်စိုးက မိတ်ဆက်စကား ပြောကြားသည်။

ထို့နောက် Hugo United Group International (Singapore) မှ ဒါရိုက်တာ Mrs. Yeannet က Hugo Paint ကုန်ပစ္စည်းနှင့် စပ်လျဉ်း၍ ပဏာမ ရှင်းလင်းပြောကြားသည်။

Hugo Paint ကုန်ပစ္စည်းသစ်ကို မြန်မာနိုင်ငံ၏ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တက်နေအောင် ကုမ္ပဏီလီမိတက်က တာဝန်ယူဖြန့်ဖြူးလျက်ရှိသည်။

စင်ကာပူနိုင်ငံမှ တိုက်ရိုက်တင်သွင်းသော Hugo High Performance Interior Paint နှင့် Hugo Emulsion Paint အလှဆင် အိမ်သုတ်ဆေးများသည် လှပသော အိမ်ရာအဆောက်အအုံများအတွက် စွမ်းဆောင်မှုအကောင်းဆုံးနှင့် ဆွဲဆောင်မှုအရှိဆုံး အိမ်အလှဆင်သုတ်ဆေး အမျိုးအစားများဖြစ်သည်။ အရောင်ကြာရှည်စွာ စွဲမြဲစေခြင်း၊ နံရံမှိုတက်ခြင်းနှင့် ရေငွေ့ပြန်ခြင်းတို့ကို ကောင်းမွန်စွာ ကာကွယ်ပေးနိုင်သည်။ အက်ကြောင်းကင်းစင်၍ ညီညာလှပသော မျက်နှာပြင်ကို ရရှိစေနိုင်ခြင်းနှင့် ဘက်တီးရီးယားပိုးမွှားများ ပေါက်ဖွားစေခြင်းမှ ကင်းဝေးစေသည်။ ထို့အပြင် ဆေးနည်းနည်းဖြင့် မျက်နှာပြင် ဧရိယာများများကို အသုံးပြုနိုင်သည်။

Acrylic Spray Paint မှာ သတ္တုရောင်၊ ရွှေရောင်၊ ပုလဲရောင်ကဲ့သို့ အရောင်ဆန်းများ ထုတ်လုပ်ထားခြင်း၊ လျင်မြန်စွာ ခြောက်သွေ့လွယ်ခြင်းတို့အပြင် သံ၊ သစ်သား၊ စက္ကူမျက်နှာပြင်တို့တွင်လည်း အသုံးပြုနိုင်သည်။ သစ်သားနှင့် သတ္တုမျက်နှာပြင်များအတွက် အထူးရည်ရွယ်ထုတ်လုပ်ထားပြီး အရောင်တာရှည်ခြင်း၊ စွဲမြဲစေခြင်း စသော ဂုဏ်သတ္တိဖြင့်လည်း ပြည့်စုံသည်။

Hugo Paint အနေဖြင့် Hugo Wood and Metal Paint နှင့် Hugo Marine Paint များအပြင် Hugo Exterior Paint များကိုလည်း ဆက်လက်တင်သွင်းသွားမည်ဖြစ်သည်။

ဝယ်ယူလိုပါက ရန်ကုန်မြို့ လှိုင်မြို့နယ် ဘုရင့်နောင်လမ်း ချောင်းဝဆိပ်ကမ်းအနီး ဖုန်း-၅၃၇၈၅၂၊ ၅၃၀၉၂၁၊ ၇၀၁၂၂၉နှင့် ၅၀၁၉၀၅၊ ဖက်စ် ၅၅၈၂၁၉ နှင့် အီးမေးလ် hugo-paint@myanmar.com.mm တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



**(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောက်တံခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ရင်းတိုက်ကုန်း-ညောင်ပင်သာ ကျေးလက်ဂဝံလမ်းပေါ်ရှိ ညောင်ပင်သာတံတားအမှတ်(၂)အုတ်ခုံခုံ၊ သစ်သားတံတားသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့် မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးသင်းဦးနှင့် ရပ်မိရပ်ဖ ဦးနီတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)



လူမှုဒုက္ခ ဝေးလိုက
စဉ်ပမီးဘေး ကာကွယ်ပေး




**အာဖဂန်နစ္စတန်နိုင်ငံ ဟဲလ်မန်ပြည်နယ်၌ နေတိုးနှင့် အမေရိကန်တပ်ဖွဲ့များ ထိုးစစ်ဆင်နေသည့် တာလီဘန်ကြီးစိုးသောဒေသ မာဂျာမြို့အား ညွှန်ပြသော မြေပုံ။** *(ဓာတ်ပုံ-အင်တာနက်)*

## စစ်ဆင်ရေးအတွင်း အရပ်သားများသေဆုံးခြင်းမှ ရှောင်ရှားရန် ကာဇိုင်းတိုက်တွန်း

**ကဘူး ဖေဖော်ဝါရီ ၁၄**

အာဖဂန်နစ္စတန်နိုင်ငံအတွင်း စစ်ဆင်ရေးအသစ်ဆင်နွှဲစဉ် အရပ်သားများကို ထိခိုက်မှုမရှိစေရေးအတွက် သတိထားလုပ်ဆောင်ရန် တာဝန်ထမ်းဆောင်ကြမည့် တပ်ဖွဲ့အားလုံးအား သမ္မတ ဟာမစ်ကာဇိုင်းက စနေနေ့တွင် တိုက်တွန်းလိုက်သည်။

နိုင်ငံတောင်ပိုင်း ဟဲလ်မန့်ပြည်နယ် မာဂျာမြို့ရှိ တာလီဘန်များကို ချေမှုန်းရန် ထိုးစစ်ဆင်လျက်ရှိရာ လေကြောင်းမှ တိုက်ခိုက်ခြင်းနှင့်အတူ အမေရိကန်၊ ဗြိတိန်နှင့် အာဖဂန်တပ်ဖွဲ့ဝင်ပေါင်း ၁၅၀၀၀ တို့ ပါဝင်တိုက်ခိုက်လျက်ရှိသည်။

အရပ်သားများ မထိခိုက်စေရေးအတွက် သတိထား၍ဆောင်ရွက်ကြရန်စစ်ဆင်ရေးတွင် ပါဝင်သော တပ်ဖွဲ့များအားလုံးသို့ ကာဇိုင်း၏ ညွှန်ကြားမှုကို အာဖဂန်သမ္မတရုံးက စနေနေ့၌ ထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြထားသည်။

အာဖဂန်နှင့် နိုင်ငံခြားစစ်ဘက်အကြီးအကဲများကို ဒေသဆိုင်ရာ ပြည်သူနှင့် ညှိနှိုင်း၍ဆက်လက်ဆောင်ရွက်ရန်အပြင် ၎င်းတို့နှင့်လည်း ပူးပေါင်းဆောင်ရွက်ရန်၊ အရပ်သားများ ဒုက္ခတွေ့စေမည့်နယ်မြေများတွင် လေကြောင်းအင်အား မသုံးရန် သမ္မတကာဇိုင်းက တိုက်တွန်းသည်။

ပြည်နယ်အစိုးရအဖွဲ့ထံသို့ မာဂျာမြို့ရပ်မိရပ်ဖ ၁၄ဦးက ၎င်းတို့၏ စိုးရိမ်ပူပန်မှုကို စာရေးပို့ပေးပြီးနောက် သမ္မတကာဇိုင်း၏ ကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

## ပါကစ္စတန်အနောက်မြောက်ပိုင်းရှိ အထက်တန်းကျောင်းကို ဗုံးခွဲဖျက်ဆီး

**အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၁၄**

ပါကစ္စတန် အစိုးရတပ်ဖွဲ့များက အာဖဂန်နယ်စပ်တစ်လျှောက် စစ်သွေးကြွများအား လိုက်လံချေမှုန်းလျက်ရှိစဉ် တာလီဘန်စစ်သွေးကြွများက ယင်းဒေသရှိ ယောကျ်ားလေးအထက်တန်းကျောင်း တစ်ကျောင်းကို ဖောက်ခွဲဖျက်ဆီးလိုက်သည်။

ပါကစ္စတန် အနောက်မြောက်ပိုင်း မို့မန်းမျိုးနွယ်စုတို့၏ဒေသ ဆာဖီနယ်မြေရှိ ကာမာဒင်ကျေးရွာ အထက်တန်းကျောင်းအား ဗုံးဖောက်ခွဲခြင်း ဖြစ်ကြောင်း၊ အသေအပျောက်စာရင်းကို မရရှိသေးကြောင်း ဆိုသည်။

**လုံးဝပျက်စီး**

ယင်းကျောင်းမှာ လုံးဝပျက်စီးသွားကြောင်း၊ ကျောင်းတွင်းနေရာ ငါးနေရာ၌ ဗုံးများထောင်ပြီးဖောက်ခွဲခဲ့ခြင်း ဖြစ်ကြောင်း ယင်းနယ်မြေအုပ်ချုပ်ရေးအရာရှိ မတ်ဆွတ်ခန်က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

ကျားမပူးတွဲသင်ကြားသောပညာရေးစနစ်ကို ဆန့်ကျင်သည့် တာလီဘန်အဖွဲ့ကို ထောက်ခံသော စစ်သွေးကြွများသည် မကြာသေးမီ နှစ်များအတွင်း ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း၌ ကျောင်းများကို ဖျက်ဆီးခဲ့ရာ မိန်းကလေးကျောင်းများကို အဓိကထား လုပ်ဆောင်ခဲ့သည်။

***အမ်အင်အေ၊ရိုက်တာ။***

**ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ အထက်တန်းကျောင်း၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဖေဖော်ဝါရီ ၁၃ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*



## ဟေတီနိုင်ငံ ပြန်လည်ထူထောင်ရေး ပီရူးက ကူညီမည်ဟုဆို

**လီမာ ဖေဖော်ဝါရီ ၁၄**

ငလျင်ဒဏ် အကြီးအကျယ်ခံခဲ့ရသော ဟေတီနိုင်ငံရှိ စာသင်ကျောင်းများ ပြန်လည်တည်ဆောက်ရေးနှင့် သောက်သုံးရန် သင့်လျော်သော ရေရရှိရေးစနစ်များအတွက် ပီရူးနိုင်ငံက အမေရိကန်ဒေါ်လာ ၁၀သန်း ကူညီမည်ဖြစ်ကြောင်း ပီရူးနိုင်ငံသမ္မတ အလန်ဂါစီယာ၏ ပြောကြားချက်ကို ကိုးကား၍ သတင်းများတွင် ဖော်ပြထားသည်။

**ကူညီပေး**

တောင်အမေရိကနိုင်ငံများအားလုံးက ပါဝင် ကူညီမည်ဆိုပါက အမေရိကန်ဒေါ်လာ သန်း ၁၀၀ခန့် ကူညီပေးနိုင်လိမ့်မည်ဟု အီကွေဒေါနိုင်ငံ ကွီတိုမြို့တွင် ကျင်းပသော တောင်အမေရိကသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၏ ထိပ်သီးဆွေးနွေးပွဲတွင် ပီရူးသမ္မတက ပြောကြားခဲ့သည်။

ပီရူးသမ္မတက ၎င်း၏အစီအစဉ်တွင် တောင်အမေရိကနိုင်ငံများ၏ ပူးပေါင်းပါဝင်မှုကို ရရှိမည်ဆိုပါက ဟေတီနိုင်ငံတွင် ပျက်စီးလျက်ရှိသော လမ်းများကို ပြန်လည်ပြုပြင်ခြင်းများနှင့် အခြေခံအဆောက်အအုံများကို ပြန်လည်တည်ဆောက်ခြင်းများအပြင် ကာရစ်ဘီယန်ကျွန်းငယ်ရှိ လိုအပ်ချက်များကို ပြန်လည်ဖြည့်ဆည်းပေးနိုင်မည်ဟု ပြောကြားကြောင်း သိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## အမေရိကန်နှင့် အီရတ် ပူးပေါင်းတပ်ဖွဲ့ဝင်များ စစ်သွေးကြွများကို တိုက်ခိုက်၊ ငါးဦး သေဆုံး

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၄**

အီရန်နိုင်ငံက ထောက်ခံအားပေးထားသော စစ်သွေးကြွအုပ်စုတစ်စု၏ အဖွဲ့ဝင်များဟု သံသယရှိသူတို့ကို အမေရိကန်နှင့် အီရတ်တပ်ဖွဲ့များက ဝင်ရောက်စီးနင်းရာ ငါးဦးသေဆုံးကြောင်း အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့က ပြောကြားသည်။

ဒေသတွင်း ထွက်ပေါ်ခဲ့သော သတင်းများအရ သေဆုံးသူအရေအတွက်သည် အနည်းဆုံး ခုနစ်ဦးရှိပြီး အများစုမှာ အရပ်သားများဖြစ်သည်ဟု ဆိုသည်။

မေဆန်ပြည်နယ်တောင်ပိုင်း အီရန်နယ်စပ်အနီးရှိ ကျေးရွာတစ်ရွာတွင် တိုက်ပွဲဖြစ်ခဲ့ခြင်းဖြစ်သည်။

**ဖော်ပြထား**

အမေရိကန်နှင့် အီရတ် ပူးတွဲတပ်ဖွဲ့ကို လူနေအဆောက်အအုံများမှနေ၍ ပစ်ခတ်ခဲ့ကြောင်း၊ ၎င်းတို့ကလည်း ပြန်လှန်ပစ်ခတ်ခဲ့ကြောင်း၊ ရန်သူတိုက်ခိုက်ရေးသမားများဟု ယူဆရသူများ သေဆုံးကြောင်း၊ သေဆုံးသူအရေအတွက်ကို အတည်မပြုနိုင်သေးကြောင်း၊ ကနဦးအစီရင်ခံစာအရ ငါးဦးသေဆုံးကြောင်း အမေရိကန်စစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

သေဆုံးသူများသည် မည်သူမည်ဝါတို့ဖြစ်ကြကြောင်း အသေးစိတ်ဖော်ပြထားခြင်း မပြုပေ။

သို့သော် မေဆန်ပြည်နယ် ကောင်စီအဖွဲ့ဝင် မိုင်သန်လတ်(ဖ်)တတ်(ချ်)က အမျိုးသမီး နှစ်ဦးအပါအဝင် ၁၀ ဦး သေဆုံးကြောင်း၊ ငါးဦး ဒဏ်ရာရရှိကြောင်း ပြောကြားသည်။

ဒေသဆိုင်ရာဆေးရုံက ရှစ်ဦးသေဆုံးပြီး အမျိုးသမီးတစ်ဦးပါဝင်ကြောင်း၊ သုံးဦးဒဏ်ရာရရှိကြောင်း သတင်းပေးသည်။

***အမ်အင်အေ၊ရိုက်တာ။***

## ဘင်္ဂလားဒေ့ရှ်တွင် ရထားနှင့်ကားတိုက်၊ လေးဦးသေဆုံး

**ဒါကာ ဖေဖော်ဝါရီ ၁၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ တန်ဂေးလ်ခရိုင်၏ ခရိုင်ခွဲဖြစ်သော ဘာဆေးလ်တွင် အင်္ဂါနေ့က ခရီးသည်တင်အမြန်ရထားတစ်စင်းနှင့် မီနီဘတ်စ်ကားတစ်စီးတို့ တိုက်မိခဲ့ရာ လူ လေးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားကြောင်း၊ ၎င်းနေရာသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော် ဒါကာ၏အနောက်တောင်ဘက်မှ ၉၂ကီလိုမီတာကွာဝေးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါအမြန်ရထားသည် ဒါကာမြို့သို့ဦးတည်ခုတ်မောင်းလာစဉ် ခရီးသည် ခုနစ်ဦးတင်ဆောင်လာသော မီနီဘတ်စ်ကားနှင့်ပြင်းထန်စွာဝင်တိုက်မိခြင်းဖြစ်ကြောင်း တန်ဂေးလ်ခရိုင် ရဲတပ်ဖွဲ့အကြီးအကဲ မီဇာနာရာမန်ကပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**နိုင်ငံတကာသတင်းများ**

## အလာဘားမားတက္ကသိုလ်၌ ပစ်ခတ်မှုဖြစ်ပွား သုံးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိ

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၄**

အမေရိကန်နိုင်ငံ အလာဘားမားတက္ကသိုလ် (ဟက်စ်ဗီလေနယ်မြေ)၌ ဖေဖော်ဝါရီ ၁၂ရက်က ကျောင်းဆရာမတစ်ဦးက ၎င်း၏ လုပ်ဖော်ကိုင်ဖက်များကို သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ သုံးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်း တက္ကသိုလ်၏ ပြောရေးဆိုခွင့် ရှိသူတစ်ဦးက ပြောကြားသည်။

သေနတ်ဖြင့်ပစ်ခတ်သူကို ကျောင်းဝင်းအတွင်း သိပ္ပံခန်းမအဆောက်အအုံအပြင်ဘက်၌ဖမ်းဆီးရမိကြောင်း ၎င်းကသတင်းထောက်များကို ပြောကြားသည်။

သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများအနက် နှစ်ဦးမှာ တက္ကသိုလ်မှ ဆရာ၊ ဆရာမများ ဖြစ်ကြကြောင်း၊ ယင်းဖြစ်ပွားမှုတွင် ကျောင်းသားများ ပါဝင်ခြင်းမရှိကြောင်း ပြောကြားသည်။

ဒဏ်ရာရရှိသူနှစ်ဦးမှာ စိုးရိမ်ရသောအခြေအနေရှိကြောင်းဆေးရုံတာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါပစ်ခတ်မှုသည်အလာဘားမားတက္ကသိုလ် (ဟက်စ်ဗီလေနယ်မြေ)ရှိ ဇီဝဗေဒဌာန၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လုပ်ဖော်ကိုင်ဖက်များကို သေနတ်ဖြင့် ပစ်ခတ်ခဲ့သူ အမျိုးသမီးသည် အေမီဘစ်ရှော့ဆိုသူဖြစ်ပြီး ၎င်းသည် မျိုးရိုးဗီဇဘာသာရပ်ဖြင့် ဒေါက်တာဘွဲ့ ယူထားသူဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***




**အမေရိကန်နိုင်ငံ အလာဘားမားတက္ကသိုလ်၌ ပစ်ခတ်မှု ဖြစ်ပွားရာနေရာတွင် ရဲတပ်ဖွဲ့ဝင်များ စစ်ဆေးနေသည်ကို ဖေဖော်ဝါရီ ၁၂ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## အီရတ်တွင် ဗုံးကွဲ ခြောက်ဦးသေဆုံး

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၄**

အီရတ်နိုင်ငံ ရှီးယိုက်တို့၏ဘာသာရေးမြို့တော် နာဂျမ်မြို့တွင် ဗုံးပေါက်ကွဲမှုများဖြစ်ပွားရာ ခြောက်ဦးသေဆုံးခဲ့ကြောင်း စနေနေ့တွင် အီရတ်တာဝန်ရှိသူများက ပြောကြားသည်။

ယင်းဗုံးခွဲခြင်းသည် နိုင်ငံအတွင်း ရှီးယိုက်မွတ်စလင်များကို ပစ်မှတ်ထား၍ တိုက်ခိုက်မှုများအနက် နောက်ဆုံးတိုက်ခိုက်ခြင်းဖြစ်ဖွယ်ရာရှိသည်။

ယခုလစောစောပိုင်းက ကာဘာလာဘာသာရေးမြို့တော်၏ အဓိကဘာသာရေးပွဲတော်သို့ သွားသော ဘုရားဖူးများကို ဗုံးခွဲတိုက်ခိုက်ရာ ၁၃ဦးသေဆုံးခဲ့ရသည်။

ယင်းတိုက်ခိုက်မှုအတွက်ဘာ့သ်ပါတီဝင်ပြည်သူ့စစ်များနှင့် အယ်လ်ခိုင်ဒါနှင့် အဆက်အသွယ်ရှိသော အဖွဲ့အစည်းများ၏လုပ်ဆောင်မှုဖြစ်သည်ဟု အီရတ်အစိုးရက ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

## အမေရိကန်တွင် H1N1 တုပ်ကွေးရောဂါဖြစ်ပွားသူ ၅၇ သန်းရှိခဲ့

**နယူးယောက် ဖေဖော်ဝါရီ ၁၄**

လွန်ခဲ့သည့်နှစ် ဧပြီလအတွင်း ကမ္ဘာ့ကပ်ရောဂါ H1N1 တုပ်ကွေးရောဂါ စတင်ဖြစ်ပွားကတည်းက အမေရိကန်နိုင်ငံသား ၅၇ သန်းတို့ ရောဂါကူးစက်ခံရကြောင်း၊ ၂၅၇၀၀၀ ခန့်မှာ ဆေးရုံသို့ ရောက်ရှိကာ ဆေးကုသမှု ခံယူခဲ့ကြောင်း၊ ၁၇၀၀၀ ကျော်မျှ သေဆုံးခဲ့ကြောင်း ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာန စီဒီစီက သောကြာနေ့တွင် ထုတ်ပြန်သော ခန့်မှန်းခြေစာရင်း၌ ဖော်ပြထားသည်။

ဒီဇင်ဘာလအတွင်း နောက်ဆုံး ခန့်မှန်းခြေထုတ်ပြန်ခဲ့သော စာရင်းနှင့် နှိုင်းယှဉ်လျှင် ရောဂါဖြစ်ပွားသူ ခုနစ်သန်း ပိုလာသည်ကို တွေ့ရသည်။

အတန်းအစား ခွဲခြားထားသည့်အဆင့်တိုင်းတွင် အများစုမှာ ကလေးများနှင့် အသက် (၆၅) နှစ်အထက် သက်ကြီးရွယ်အိုများ ပါဝင်သည်။

**ခန့်မှန်း**

တုပ်ကွေးရောဂါ ဖြစ်ပွားလေ့ရှိသော ရာသီတွင် H1N1 ကြောင့် အမေရိကန်နိုင်ငံသား ၃၅၀၀၀ သေဆုံးနိုင်ပြီး ၉၀ ရာခိုင်နှုန်းသည် အသက် (၆၅)နှစ်အထက်ရှိသူများ ဖြစ်ဖွယ်ရှိကြောင်း ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာနက ခန့်မှန်းထားသည်။

***အမ်အင်အေ၊ရိုက်တာ။***

# ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ကျွန်းစိုက်ခင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၄

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ် (၂၁) သစ်စက် ကွဲရှင်းသို့ရောက်ရှိပြီး စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဝန်ကြီးသည် နေပြည်တော် တပ်ကုန်းမြို့နယ် ငလိုက်ကြိုးဝိုင်းအတွင်းရှိ သစ်တောဦးစီးဌာန၏ ၂၀၀၇-၂၀၀၈ ခုနှစ် ကျွန်းစိုက်ခင်းဧက ၁၀၀၀ သို့ ရောက်ရှိပြီး ကျွန်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍စိုက်ခင်းရှင်းလင်းဆောင်၌ သစ်တောသုတေသနဌာနမှ ညွှန်ကြားရေးမှူး ဦးငွေအောင်က နေပြည်တော်ခရိုင်အတွင်း သက်ကြီး သက်လတ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှု၊ သက်နုစိုက်ခင်းများ၌ ပွင့်လင်းရာသီ မီးဘေးအန္တရာယ်ကာကွယ်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ကျွန်းစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးစီမံကိန်း မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ကင်မွန်းတောင် ကြိုးဝိုင်းအတွင်း တည်ထောင်ထားရှိသည့် ၂၀၀၇ ခုနှစ် သီးခြားကျွန်းစိုက်ခင်း ဧက ၃၀၀ ၌ ကျွန်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စိုက်ခင်းရှင်းလင်းဆောင်၌ မကွေးတိုင်းသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းမြင့်က တည်ထောင်ပြီး စိုက်ခင်းများ ပြုစုထိန်းသိမ်းထားရှိမှု အခြေအနေနှင့် ပွင့်လင်းရာသီ မီးဘေးအန္တရာယ် ကာကွယ်ရေးဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ကြည့်ရှုစစ်ဆေး**

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် နေပြည်တော် တပ်ကုန်းမြို့နယ် ငလိုက်ကြိုးဝိုင်းအတွင်းရှိ သစ်တောဦးစီးဌာန၏ ၂၀၀၇-၂၀၀၈ ခုနှစ် ကျွန်းစိုက်ခင်းဧက ၁၀၀၀ကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# မန္တလေးမြို့ ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းများ လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

မန္တလေးမြို့ ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ ဂျပန်နိုင်ငံသူ နိုင်ငံသားများကလှူမှုရေးရန်ပုံငွေ Japan's Grass Root Grant Assistance အဖြစ် အမေရိကန်ဒေါ်လာ ၈၈၂၅၀ တန်ဖိုးရှိ ဆေးရုံသုံး၊ ခွဲစိတ်ခန်းသုံးပစ္စည်းများဖြစ်သည့် မေ့ဆေးပေးစက်၊ ခွဲစိတ်ကုသမှုခုတင်၊ ECG၊ Ultrasound၊ အစာအိမ်နှင့် အူလမ်းကြောင်းကြည့်မှန်ပြောင်း၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ခုတင်များပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါဆေးရုံ၌ ကျင်းပသည်။

လှူဒါန်းပွဲနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ The Friendly Asians Home ဌာနေကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်ခင်ထားတို့က လှူဒါန်းပစ္စည်းများနှင့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်လှူဒါန်းရာ ဆေးရုံကြီး ဥပဒေ့ဌာကအဖွဲ့ဥက္ကဋ္ဌ သီဟသုမမ္မဏိဇောတရေ ဦးချစ်ထွန်း၊ အတွင်းရေးမှူး သဒ္ဓမ္မဇောတိကဓဇ ဦးသန့်စင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာညဏ်ထွန်းနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ဆေးရုံကြီးသို့ ဆက်သွယ်လှူဒါန်းလိုပါက ဖုန်း-၀၂-၃၆၄၃၆၊၀၉-၂၀၀၂၅၆၉ တို့သို့လည်းကောင်း၊ လစဉ်ငွေကျပ်တစ်ထောင်နှုန်း လှူဒါန်းလိုပါက မန္တလေးမြို့ ဒေါက်တာဝင်းသန့် ဖုန်း-၀၉-၆၈၀၁၃၅၀၊ ရန်ကုန် ဒေါက်တာဒေါ်ခင်ခင်ထား ဖုန်း-၀၉-၅၀၁-၄၉၃၃၊ ဦးတင်ထွန်း ဖုန်း-၀၁-၂၂၈၂၄၂၊ ဒေါ်မြမြ၊ ဒေါ်လှိုင် ဖုန်း-၀၁-၅၄၀၄၉၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အားမာန်သစ်ထော်လာဂျီ Ever Smile Group က တင်သွင်းဖြန့်ချိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စန်းတုံးပြည်နယ် ကျင်တောင်းမြို့ ဝူကျင်းစက်ရုံမှ ထုတ်လုပ်သည့် စတက်တာ မော်တာပါ ဆီစားသက်သာ၍ အသံငြိမ် တစ်လုံးထိုး အင်ဂျင်တပ်ဆင်ထားသည့် အားမာန်သစ်ထော်လာဂျီယာဉ်ကို မြန်မာနိုင်ငံ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် Ever Smile Group ကတင်သွင်းဖြန့်ချိလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါယာဉ်သည် တောင်ပေါ်မြေပြန့်ဒေသမရွေး မောင်းနှင်နိုင်ပြီး ဟိုက်ဒရောလစ်ဘော်ဒီ (Dump Body) တပ်ဆင်ထားသည်။ ယာဉ်အပိုပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် အလွယ်တကူ ဝယ်ယူရရှိနိုင်သည်။ လယ်ယာလုပ်ငန်းတွင် အသုံးပြုနိုင်ပြီး တောင်ပေါ်ဒေသနှင့် မြို့များတွင် ကုန်ပစ္စည်း၊ ဆောက်လုပ်ရေးဆိုင်ရာပစ္စည်းနှင့် အထွေထွေပစ္စည်းတင်ဆောင်ခြင်းတို့တွင် အသုံးပြုနိုင်သည်။



**မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် Ever Smile Group က တင်သွင်းဖြန့်ချိလျက်ရှိသည့် အားမာန်သစ်ထော်လာဂျီယာဉ်ကို တွေ့ရစဉ်။** (သတင်းစဉ်)

ယင်းယာဉ်သည် အရှည် (၁၆)ပေကျော် အကျယ် (၆)ပေကျော် အမြင့် (၇)ပေ (၆)လက်မနှင့် ရှေ့နောက်ဘီးအကွာအဝေး (၉)ပေ (၈)လက်မရှိသည်။ ဝန်တင်အားမှာ (၁)တန်မှ (၅)တန်အထိ တင်ဆောင်နိုင်သည်။အင်ဂျင်အမျိုးအစားမှာ L1125 ဒီဇယ်တစ်လုံးထိုး အင်ဂျင်ဖြစ်၍ မြင်းကောင်ရေ(H.p) (၂၅) ကောင်အားရှိသည်။ အမြန်နှုန်းမှာ အများဆုံး တစ်နာရီလျှင် ကီလို ၆၀ ရှိပြီး ဂီယာမှာ Transfer Gear ပါရှိကာ အတက်အဆင်း လွယ်ကူစွာ မောင်းနှင်အသုံးပြုနိုင်သည်။

ဝူကျင်းစက်ရုံမှထုတ်လုပ်သည့်လယ်ယာသုံးယာဉ်အမျိုးမျိုးကို အမေရိကနှင့် အာရှတိုက်ရှိ နိုင်ငံပေါင်း ၅၀သို့ တင်ပို့ရောင်းချလျက်ရှိသည်။အားမာန်သစ် ထော်လာဂျီယာဉ်ကို ကြိုက်နှစ်သက်ရာ အရောင်ရွေးချယ်၍ တစ်နှစ်အာမခံချက်ဖြင့် ဝယ်ယူနိုင်ပြီး ပြုပြင်ထိန်းသိမ်းရန်အတွက် ဆားဗစ်စင်တာရှိသည်။ ဝယ်ယူသုံးစွဲသူများအတွက် အကြွေးအရစ်ကျ ငွေချေစနစ်ကို နည်းလမ်းသုံးခုဖြင့် ရောင်းချပေးလျက်ရှိသည်။ ယာဉ်၏တန်ဖိုးမှာ ငွေကျပ် ၈၂ သိန်း ဖြစ်သည်။

ဝယ်ယူရရှိလိုပါကယာဉ်ထုတ်လုပ်သည့်စက်ရုံ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် စက်မှုဇုန်(၂)ကနောင်မင်းသားကြီးလမ်း အမှတ်(၂၂၉)၊ အရောင်းပြခန်း(၁) ရန်ကုန်မြို့၊ အောက်ကြည့်မြင်တိုင်လမ်းမကြီး၊ အမှတ်(၃၈၁)၊ အရောင်းပြခန်း(၂) ရန်ကုန်မြို့၊ အောက်ကြည့်မြင်တိုင်လမ်းမကြီး၊ အမှတ်(၄၂၃)၊ဖုန်း-၂၁၇၃၇၉၊ ၂၂၄၇၆၅၊ ၂၂၀၅၀၂၊ ၆၈၂၈၁၄၊ ၀၉-၈၆၅၀၁၄၄၊ ၀၉-၅၁၃၅၃၈၀၊ ၀၉-၅၁ ၃၈၂၂၃၊ ၀၉-၅၀၃၀၃၃၆၊ ၀၉-၈၀၃၀၃၃၆နှင့်E-mail: socthan 85 @ gmail.com တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။ နယ်ကိုယ်စားလှယ် ရလိုသူများလည်း ဆက်သွယ်နိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)





# တွံတေးမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

တွံတေးမြို့နယ်အသင်း (ရန်ကုန်)၏ (၁၁)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး၊ အသက် (၇၅)နှစ်နှင့်အထက် ဘိုးဘွားများအား သက်ကြီးပူဇော်ပွဲ၊ ၂၀၀၈ခုနှစ်နှင့် ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် နိုင်ငံတော်အဆင့် ဂီတ၊ သဘင်၊ အနုပညာ၊ စာပေနှင့် အားကစား ထူးချွန်ဆုရရှိကြသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်စေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

နှစ်ပတ်လည် အစည်းအဝေးတွင် နာယကအဖွဲ့ ကိုးဦးနှင့် အသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်း၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ဦးကျော်မြင့်၊ ဦးချစ်ဆွေနှင့် ဗိုလ်မှူး တင်ဝင်း (ငြိမ်း)၊ အတွင်းရေးမှူး ဦးချစ်လှိုင်တို့ အပါအဝင် အမှုဆောင်သစ်အဖွဲ့ဝင် ၂၅ဦးကို ရွေးချယ်တင်မြှောက်ကြသည်။ယင်းနောက် တက်ရောက်လာကြသည့် အသင်းဝင်များက အသက် (၇၅)နှစ်နှင့်အထက် ဘိုးဘွားအသင်းဝင်များ၊ အသင်းဝင်များ၏ မိဘ၊ ဘိုးဘွားများ စုစုပေါင်း ၉၇ဦးတို့အား ဂါရဝပစ္စည်းများဖြင့် စုပေါင်းကန်တော့ကြသည်။

ဆက်လက်၍ အသင်းနာယကကြီးများ၊ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ၂၀၀၈ခုနှစ်နှင့် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူမဆုမြတ်ချယ်ဦးနှင့် မအေးဘုန်းကိုတို့ အပါအဝင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူ ၁၁ ဦးအား ထူးချွန်ဆုများချီးမြှင့်ကြပြီး မြန်မာ့ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပတ္တလား အဆင့်မြင့်(အမျိုးသား) တတိယဆုနှင့် ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲတွင် ဒုတိယဆုရရှိကြသူတို့အား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းက ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**သယ်န်းကျွန်းမြို့နယ် အမှတ်(၁၇) မူလတန်းလွန်ကျောင်း ၂၀၀၈-၂၀၀၉ ပညာသင်နှစ်မိဘဆရာအသင်းအစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၇ ရက်က ကျင်းပရာ သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် ဘက်စုံထူးချွန် ပထမဆုရရှိသော မမြတ်စန္ဒီဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ရှိန် ဆုချီးမြှင့်စဉ်။** (ပညာရေး)

# ပုသိမ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

**ပုသိမ် ဖေဖော်ဝါရီ ၁၄**

ပုသိမ်အသင်း(ရန်ကုန်)၏ (၈၉)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ်(၂၀/၄၃-စီ)တည်ရှိရာ ဧရာဝတီတိုင်းဓမ္မာရုံ၌ မတ် ၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင် သက်ကြီးများသည် မှတ်ပုံတင်မိတ္တူနှင့်၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးသုံးဘာသာနှင့်အထက် အောင်မြင်ခဲ့သော အသင်းဝင်များ၏ သား၊ သမီးများသည် အမှတ်စာရင်းမိတ္တူ၊ ကျောင်းထောက်ခံချက်နှင့် ပူးတွဲ၍ ဖေဖော်ဝါရီ ၂၄ ရက် နောက်ဆုံးထားပြီး အသင်းတိုက်သို့ စာရင်းပေးပို့ရမည်ဖြစ်သည်။

လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးစိုးဟန်လင်း ဖုန်း-၀၉-၈၆၀၀၁၂၃၊ ဒုတိယဥက္ကဋ္ဌ ဦးဘအေး ဖုန်း-၆၆၁၆၈၅၊ ဦးသန်းအောင်လင်း ဖုန်း-၀၉-၅၀၀၃၇၀၉၊ ဦးမြင့်နိုင် ဖုန်း-၀၉-၅၁၂၃၄၁၁၊ အတွင်း ရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း-၀၉-၅၀၀၆၁၂၈၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းငွေ ဖုန်း-၀၉-၈၀၂၀၅၀၄၊ ဒေါ်ခင်နွဲ့ ဖုန်း-၂၂၆၇၇၄၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၂၂၁၉၇၈၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးသက်ဝင်း ဖုန်း-၀၉-၅၀၅၀၁၀၀၊ အသင်းတိုက် ဖုန်း-၀၁-၃၇၉၂၅၈ နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

# နိုင်ငံတော်အစိုးရက စီစဉ်ဆောင်ရွက်ပေးခဲ့ရာမှ ခုတင် (၁၀၀) ဆံ့ ဆေးရုံသစ်ကြီး ပေါ်ထွန်းလာခြင်းဖြစ်

**ရွှေဖုံးမှ**

ထိုအဆောက်အအုံကြီးသည်ကား ကန့်ဘလူမြို့တွင် နေ့ချင်းညချင်းဆိုသလို ပေါ်ထွန်းလာခဲ့သည့် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသစ်ကြီးပင် ဖြစ်တော့သည်။ ကန့်ဘလူနယ်သူ၊ နယ်သားများသည်လည်း ထိုနေ့တွင် ကျင်းပသည့် အဆိုပါ ဆေးရုံသစ်ကြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ကြွပျော်ရွှင်စွာဖြင့် တက်ရောက်လာကြခြင်း ဖြစ်သည်။

ကျွန်တော်တို့သတင်းအဖွဲ့မှာလည်း သတင်းရေးသားရိုက်ကူးရန် ကန့်ဘလူမြို့သို့ ရောက်ရှိနေခိုက်ဖြစ်ရာ ဆေးရုံသစ်ကြီးနှင့်ပတ်သက်၍ မေးမြန်းစူးစမ်းခွင့်ရရှိခဲ့သည်။

ရှေးဦးစွာ ကန့်ဘလူမြို့ မြို့မိမြို့ဖ အတွင်းရေးမှူး ဦးမြင့်ဆွေအား တွေ့ဆုံမေးမြန်းကြည့်ရာ "ကျွန်တော်တို့ ကန့်ဘလူမြို့မှာ ၁၉၆၈ ခုနှစ်က (၁၆)ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံကိုပဲ စတင်ဖွင့်လှစ်နိုင်ခဲ့တာပါ။ နှစ်ပေါင်းများစွာ ဒီဆေးရုံလေးကိုပဲ အမှီပြုဆေးဝါးကုသနေခဲ့ရပြီးတော့ ၂၀၀၇ ခုနှစ် အောက်တိုဘာလမှာ နိုင်ငံတော်က (၂၅) ခုတင်ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးခဲ့ပါတယ်။ အခုအခါမှာတော့ ခုတင် (၁၀၀) ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်အသစ်တည်ဆောက်ဖွင့်လှစ်ပေးခဲ့တဲ့အတွက် နိုင်ငံတော်အစိုးရကို ကျေးဇူးတင်လို့ မဆုံးပါဘူးဗျာ" ဟု ပြောကြားသည်။

ဆေးရုံသစ်ကြီး ပေါ်ထွန်းလာပုံကား ဤသို့တည်း။

ကန့်ဘလူမြို့တွင် နှစ်စဉ် တပို့တွဲလပြည့်နေ့၌ ကျင်းပမြဲဖြစ်သော မြို့ကျက်သရေဆောင် ရွှေစည်ကြီးစေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော် အခါသမယတွင် မျက်စိနှင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များအား နှစ်စဉ် အခမဲ့ကုသပေးခဲ့သည်။

ပြီးခဲ့သည့် ၂၀၀၉ ခုနှစ် နဝမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်တွင် အေးမြစိုးဖောင်ဒေးရှင်းက မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေးခဲ့ရာတွင် ကန့်ဘလူမြို့နယ်မှသာမက ကျွန်းလှ၊ ရွှေဘို၊ တန့်ဆည်၊ ရေဦး၊ ခင်ဦး၊ ဝက်လက်၊ ကသာ၊ အင်းတော်၊ ဗန်းမောက်၊ ကောလင်း၊ ဝန်းသိုနှင့် ပင်လည်ဘူး စသည့်မြို့နယ်များမှ မျက်စိဝေဒနာရှင် ၄၀၀၀ ကျော် လာရောက်စမ်းသပ်ကုသမှု ခံယူခဲ့ကြသည်။

ဤသို့ ရောဂါဝေဒနာရှင် အရေအတွက်များပြားမှု၊ ကန့်ဘလူဒေသ၏ နယ်မြေအနေအထား၊ လမ်းပန်းဆက်သွယ်မှုအခြေအနေတို့ကို ဆက်စပ်တွက်ချက်၍ အဆင့်မြင့်ဆေးရုံတစ်ရုံ တည်ဆောက်ပေးရန် နိုင်ငံတော်အစိုးရက စီစဉ်ဆောင်ရွက်ပေးခဲ့ရာမှ ယခုကဲ့သို့ ခုတင် (၁၀၀) ဆံ့ ဆေးရုံသစ်ကြီး ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။

ဆေးရုံသစ်ကြီးမှာ စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့ အမှတ် (၃) ရပ်ကွက် တပင်ရွှေထီးလမ်းနှင့် မြို့ရှောင်လမ်းထောင့်တွင် တည်ရှိသည်။ မြေဧရိယာအားဖြင့် ၂၈ ဧက ကျယ်ဝန်းသည်။

ဆေးရုံကြီးတွင် ပင်မဆောင် ခြောက်ဆောင်၊ ဆက်စပ်ဝန်ထမ်းအိမ်ရာနှင့်

**ကန့်ဘလူမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ သွားကုသခန်းကို တွေ့ရစဉ်။**



အဆောက်အအုံများ ပါဝင်သည်။ ပင်မဆောင် ခြောက်ဆောင်မှာ ပြင်ပလူနာဌာန၊ ကလေးကုသဆောင်၊ မီးယပ်နှင့် သားဖွားကုသဆောင်၊ ခွဲစိတ်နှင့် အရိုးအကြောကုသဆောင်၊ ဖျားနာကုသဆောင်နှင့် ခွဲစိတ်ဆောင်တို့ ဖြစ်သည်။ အဆောင်များ၏ လေးဖက်လေးတန် စလုံးတွင် ၁၀ ပေအကျယ် လျှောက်လမ်းများကို ထည့်သွင်းတည်ဆောက်ပေးထားသည်။ ကျန်ဆက်စပ်အဆောက်အအုံများမှာ ထမင်းစားဆောင် နှစ်ဆောင်၊ Mortuary၊ မွှာရုံ၊ မီးစက်ရုံ၊ ဆေးရုံအုပ်ကြီးအိမ်၊ အခန်း ၂၀ ပါ ဝန်ထမ်းအိမ်ရာနှင့် အခန်း ၁၀ ခန်းပါ အဆင့်မြင့်ဝန်ထမ်းအိမ်ရာတို့ ဖြစ်သည်။ ထို့အပြင် ဆေးရုံတွင် ရေလုံလောက်စွာ ရရှိနိုင်ရန်အတွက် စက်ရေတွင်း၊ Over Head Tank နှင့် Ground Tank များကိုလည်း တည်ဆောက်ပေးထားသည်။ ပင်မဆောင်များ၏ ကြမ်းခင်းဧရိယာမှာ ၁၀၃၀၈၉ စတုရန်းပေရှိပြီး ဆေးရုံအဆောက်အအုံအားလုံး၏ စုစုပေါင်း ကြမ်းခင်းဧရိယာမှာ ၁၂၀၆၆၆ စတုရန်းပေရှိသည်။

ဆေးရုံပင်မဆောင်များအား လှည့်လည်ကြည့်ရှုလေ့လာရာတွင် လူနာဆောင်များမှာ ကျယ်ဝန်းပြီး သန့်ရှင်းသပ်ရပ်မှုအပြည့်ရှိသည်။ လေဝင်လေထွက်ကောင်း၍ သဘာဝအလင်းရောင်ရရှိစေရန် စီမံတည်ဆောက်ထားသည်ကို တွေ့ရှိရသည်။

စုစုပေါင်းအကျယ်အဝန်း (၂၀၆×၇၄) ပေရှိ ပြင်ပလူနာဌာနတွင် ဆေးရုံအုပ်ကြီးရုံးခန်း၊ ရုံးအဖွဲ့ရုံးခန်း၊ ECG Ultrasound ခန်း၊ ဓာတ်မှန်ခန်း၊ ဓာတ်မှန်ဆေးခန်း၊ သွေးလှူဘဏ်နှင့် သွေးစစ်ဆေးခန်း၊ ဆေးရုံမှတ်တမ်းများထားရှိရန်အခန်း၊ ဆေးပစ္စည်းသိုလှောင်ခန်း နှစ်ခန်း၊ ရောဂါဗေဒဆရာဝန်ကြီးအခန်း၊ အရိုးအကြောအထူးကု ဆရာဝန်ကြီးအခန်း၊ သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီးအခန်း၊ ကလေးအထူးကုဆရာဝန်ကြီးအခန်း၊ သူနာပြုများအခန်း၊ Specialist များ စမ်းသပ်ခန်း၊ အရေးပေါ်လူနာခန်း၊ မျက်စိကုသခန်း၊ သွားကုသခန်း၊ Reception Counter၊ လူနာများ နားနေရန်နေရာ၊ ရေချိုးခန်း၊ အမျိုးသား၊ အမျိုးသမီး သီးခြားသန့်စင်ခန်းများဖြင့် စနစ်တကျ ဖွဲ့စည်းတည်ဆောက်ထားသည်။

ကလေးကုသဆောင်နှင့် ခွဲစိတ်နှင့် အရိုးအကြောကုသဆောင်တို့တွင် (၂၈) ခုတင်ဆံ့ ကုသဆောင်နှစ်ဆောင်စီနှင့် အထူးကုသခန်း နှစ်ခန်းစီပါဝင်သည်။ မီးယပ်နှင့် သားဖွားကုသဆောင်ကို (၂၂) ခုတင်ဆံ့ ကုသဆောင် နှစ်ဆောင်၊ အထူးကုသခန်း နှစ်ခန်း၊ သားဖွားခန်းနှင့် ကလေးများထားခန်းတို့ဖြင့် ဖွဲ့စည်းထားသည်။ အလားတူ ဖျားနာကုသဆောင်တွင်လည်း (၂၂) ခုတင်ဆံ့ ကုသဆောင်နှစ်ဆောင်၊ သံဃာတော်များ အထူးကုသခန်း နှစ်ခန်း၊ အထူးကုသခန်း နှစ်ခန်း၊ ကျောက်ကပ်သန့်စင်ခန်းနှင့် လူနာစမ်းသပ်ခန်းများ ထည့်သွင်းတည်ဆောက်ထားသည်။ ထို့အတူ ခွဲစိတ်ဆောင်တွင် အကြီးစားခွဲစိတ်ခန်း (Operation Theater) နှစ်ခန်း၊ Septic OT ခန်း၊ လူနာရှင်များ နားနေခန်းနှင့် Recovery Room အပါအဝင် ခေတ်မီခွဲစိတ်ဆောင်ကြီးတစ်ခုအဖြစ် ဖွဲ့စည်းတည်ဆောက်ထားသည်။ ကုသဆောင်များမှာ အကျယ်အဝန်း (၁၅၀×၇၄)ပေစီ ရှိကြသည်။ ကုသဆောင်များအားလုံးတွင် သစ်လွင်သပ်ရပ်သော လူနာခုတင်နှင့် လူနာအသုံးအဆောင်ပစ္စည်းများကို စနစ်တကျ ထည့်သွင်းပေးထားသည်ကိုလည်း တွေ့ရှိရသည်။

အဆိုပါ ဆေးရုံသစ်ကြီးကို အလှူရှင် အေးမြစိုးဖောင်ဒေးရှင်းက ငွေကျပ်သိန်းပေါင်း ၂၁၄၇၅ သိန်း အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ထူးထရေးဒင်းကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်ခဲ့သည်။ ဆေးရုံကို ၂၀၀၉ ခုနှစ် မေလ ၁၀ ရက်နေ့တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၁၀ ခုနှစ် ဇန်နဝါရီလ ၁၀ နေ့ရက်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ တည်ဆောက်ရေးကာလ ရှစ်လကျော်သာ ကြာမြင့်ခဲ့သည်။

နိုင်ငံတော်၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ဆေးရုံသစ်ကြီးကို ဆောက်လုပ်လှူဒါန်းပေးရုံသာမက ကျောက်ကပ်သန့်စင်စက် (Hemodialysis Machine)၊ ရေသန့်စက် (R.O Machine)၊ (Ultrasound Machine၊ Dental Operation Chair, Accessories, Dentist Tool and Scaler၊ Operation Table, Lamp, Operation Equipment၊ မေ့ဆေးပေးစက် (Anaesthetics Machine)၊ ချွဲစုပ်စက် (Suction Machine)၊ ပိုးသတ်ပေါင်းစက် (Autoclave)၊ နှလုံးနှိုးစက် (Defibrillator)၊ အောက်ဆီဂျင်ပေးစက် (Oxygen Concentrator)၊ Microscope၊ Eye Operation Microscope၊ X-Ray စက် စသည့် ခေတ်မီဆေးရုံသုံးပစ္စည်းများ၊ မြွေဆိပ်ဖြေဆေး၊ ငှက်ဖျားဆေး၊ ဂလူးကို့၊ အားဆေးမျိုးစုံ၊ ဖျားနာကျဆေး၊ ပိုးသတ်ဆေး၊ တစ်ခါသုံးဆေးထိုးအပ်များ၊ လူနာဝတ်အင်္ကျီများ၊ ခွဲစိတ်ခန်းသုံး ဆရာဝန်အင်္ကျီများ စသည့် ဆေးဝါးပစ္စည်းများကိုလည်း အေးမြစိုးဖောင်ဒေးရှင်းနှင့် အလှူရှင်များက စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းခဲ့ကြကြောင်း မေးမြန်းသိရှိရသည်။

လှူဒါန်းခဲ့သည့် ဆေးရုံသုံးပစ္စည်းများအနက် ကျောက်ကပ်သန့်စင်စက်မှာ ဒေသအတွက် အလွန်လိုအပ်လျက်ရှိသည့် ဆေးရုံသုံးပစ္စည်းတစ်ခုဖြစ်သည်။



**အထူးကုသခန်း**

**ကန့်ဘလူမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ အထူးကုသခန်းကို တွေ့ရစဉ်။**

ကန့်ဘလူမြို့နှင့် ပတ်ဝန်းကျင်မြို့နယ်များသည် အပူပိုင်းဒေသတွင် တည်ရှိနေသည့်အတွက် မြွေကိုက်ခံရသည့်လူနာများ အလွန်ပင်များပြားလှသည်။ သို့ဖြစ်ရာ အဆိုပါကျောက်ကပ်သန့်စင်စက်က မြွေကိုက်လူနာများ၏ အသက်အန္တရာယ်ကို ထိရောက်စွာ ကာကွယ်ပေးနိုင်တော့မည်ဖြစ်သည်။ ယင်းစက်အား ကန့်ဘလူမြို့မှ မြို့မိမြို့ဖ နာယက ဦးကျော်ညွန့်၏ စီစဉ်ပေးမှုဖြင့် မန်းမြန်မာကုမ္ပဏီလီမိတက်မှ ဦးသန်းဝင်းက လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဆေးရုံဝန်ထမ်းဖွဲ့စည်းပုံနှင့်ပတ်သက်၍ ဆေးရုံအုပ်ကြီးက ရှင်းလင်းပြောကြားရာတွင် "ကန့်ဘလူမြို့နယ်နဲ့ အခြားဆက်စပ်မြို့နယ်တွေက ဒေသနေပြည်သူများအတွက် ဒီဆေးရုံကြီးမှာ အထူးကုဌာနများအပါအဝင် အရေးပေါ်နဲ့ သာမန်ဆေးကုဌာနတွေကို ခေတ်နဲ့လျော်ညီစွာ ပုံစံရေးဆွဲ တည်ဆောက်ခဲ့တာပါ။ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနဲ့ ကျွမ်းကျင်ဝန်ထမ်းများ အပါအဝင် စုစုပေါင်းဝန်ထမ်းအင်အား ၂၀၁ ဦးနဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြောကြားသည်။ အထူးကုဌာနများတွင် အထွေထွေဆေးပညာ၊

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

"ကျွန်တော်တို့ ကန့်ဘလူမြို့မှာ ၁၉၆၈ ခုနှစ်က (၁၆) ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံကိုပဲ စတင်ဖွင့်လှစ်နိုင်ခဲ့တာပါ။ နှစ်ပေါင်းများစွာ ဒီဆေးရုံလေးကိုပဲ အမှီပြု ဆေးဝါးကုသနေခဲ့ရပြီးတော့ ၂၀၀၇ ခုနှစ် အောက်တိုဘာလမှာ နိုင်ငံတော်က (၂၅) ခုတင်ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးခဲ့ပါတယ်။ အခုအခါမှာတော့ ခုတင် (၁၀၀) ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင် အသစ်တည်ဆောက်ဖွင့်လှစ်ပေးခဲ့တဲ့အတွက် နိုင်ငံတော်အစိုးရကို ကျေးဇူးတင်လို့ မဆုံးပါဘူးဗျာ"



**ကန့်ဘလူမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ ဖျားနာကုသဆောင်ကို တွေ့ရစဉ်။**





၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် ပြည်ထောင်စုကိုယ်စားလှယ်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုကိုယ်စားလှယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ များ၏ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

**၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် ပြည်ထောင်စုကိုယ်စားလှယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေ တင်ဆက်မှုအစီအစဉ်များကို ယနေ့ည ၆နာရီခွဲတွင် နေပြည်တော်မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ ကျင်းပသည်။**

အဆိုပါ ကပြဖျော်ဖြေပွဲသို့ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဒေသခံပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

ကပြဖျော်ဖြေပွဲတွင် ကချင်ပြည်နယ်မှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဖွဲ့များက "စည်းလုံးခြင်းသည်အင်အား" သီချင်းဖြင့်လည်းကောင်း၊ ကယားပြည်နယ်မှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက "ပြည်ထောင်စုမှာဆုပန်ခွေ" သီချင်းဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့များက "ဖွံ့ဖြိုးဝေစည် မြန်မာပြည်" သီချင်းဖြင့် လည်းကောင်း၊ ချင်းပြည်နယ်မှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက "ပြည်ထောင်စု အားမာန်"သီချင်းဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက "ပြည်ထောင်စု အေးရိပ်သာယာ" သီချင်းဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းမှတိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့များက"လက်တွဲညီညာ တနင်္သာရီပါ" သီချင်းဖြင့်လည်းကောင်း၊ပဲခူးတိုင်းမှတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက "ဂန္ဓဝင်အလှသစ္စာ" သီချင်းဖြင့် လည်းကောင်း၊ မကွေးတိုင်းမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက "ချစ်ကြည်ရေး တေးသံ" သီချင်းဖြင့် လည်းကောင်း၊ မန္တလေးတိုင်းမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက "ခွင့်တူညီမျှ ပြည်ထောင်စုအလှ"သီချင်းဖြင့် လည်းကောင်း၊မွန်ပြည်နယ်မှတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့က "မွန်ရိုးရာအကယိမ်း အလှ" သီချင်းဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်မှတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဖွဲ့များက "ဖွံ့ဖြိုးဝေဝေ ရခိုင်ပြည်" သီချင်းဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ က "ပြည်ထောင်စု၏ ထာဝရအလှများ" သီချင်းဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက "ပြည်ထောင်စုရဲ့အလှ" သီချင်းဖြင့် လည်းကောင်း၊ဧရာဝတီတိုင်းမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက "ဒို့ပြည်ထောင်စုပန်းချီ" သီချင်းဖြင့်လည်းကောင်း ကပြဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ ကပြဖျော်ဖြေတင်ဆက်မှုကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ဆက်လက်ဖျော်ဖြေ တင်ဆက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

❖ စာမျက်နှာ ၆ မှ

အထွေထွေခွဲစိတ်၊ အရိုးရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ မေ့ဆေး၊ ဓာတ်မှန်၊ ရောဂါဗေဒနှင့် သွားဌာနများ ပါဝင်ကြောင်း ၎င်းက ဆက်၍ ရှင်းပြသည်။

ဆေးရုံသစ်ကြီး တည်ဆောက်ဖွင့်လှစ်ပေးခဲ့မှုအပေါ် ကန့်ဘလူမြို့ အမှတ်(၃) ရပ်ကွက်မှ ဒေသခံပြည်သူတစ်ဦးအား မည်သို့ခံစားရကြောင်း မေးမြန်းကြည့်ရာ "ဘယ့်နှယ့်ပြောပါလိမ့်ဗျာ၊ လွတ်ဝမ်းသာတာပေ့ါ၊ အရင်တုန်းကဆို ကျုပ်တို့မြို့နယ်က လူမမာတွေ အနာသည်းရင် မန္တလေး အပါအဝင် တခြားမြို့ကြီးတွေမှာရှိတဲ့ ဆေးရုံကြီးတွေကို သွားကုရတယ်။ ခရီးက လှမ်းတော့ ဆေးရုံမရောက်မီ လူနာ အသက်ဆက်နိုင်ဖို့လည်းပူရ၊ ဟိုရောက်တော့လည်း လူနာရှင်တွေတည်းဖို့ ခိုဖို့ကိစ္စတွေကိုလည်းပူရငွေကုန်ကြေးကျများသလိုသောကလည်း မအေးနိုင်ခဲ့ပါဘူး။ အခုခေတ်မီဆေးရုံသစ်ကြီး ဒီမှာဖွင့်လိုက်ပြီဆိုတော့ အိမ်မှာနေရင်းဆေးကုလို့ရတဲ့သဘော ဖြစ်သွားတာပဗျ။ နိုင်ငံတော်နဲ့ ဆေးရုံဆောက်ပြီး လှူကြတန်းကြတဲ့ အလှူရှင်တွေကတော့ ကျုပ်တို့ နယ်သူနယ်သားတွေအတွက် အင်မတန်ကျေးဇူးကြီးလှသပေ့ါဗျာ" ဟု လှိုက်လှဲဝမ်းသာစွာ ပြောပြရှာသည်။

မှန်ပေသည်။ ကန့်ဘလူမြို့တွင် ခုတင် (၁၀၀)ဆံ့ပြည်သူ့ဆေးရုံသစ်ကြီး ခံ့ညားထည်ဝါစွာ ပေါ်ထွန်းလာမှုနှင့်အတူ ကန့်ဘလူဒေသတစ်ဝိုက်မှ ဒေသခံပြည်သူများအနေဖြင့် အထူးကုဆရာဝန်ကြီးများဖြင့် လွယ်လွယ်ကူကူ အချိန်မရွေးပြသကုသမှု ခံယူနိုင်ကြပေတော့မည်။ ကန့်ဘလူမြို့နယ်တွင်သာမက ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ရေဦး၊ တန့်ဆည်၊ ဒီပဲယင်း၊ ကျွန်းလှ၊ ကောလင်း၊ ဝန်းသို၊ ကသာ၊ ထီးချိုင့်၊ ဗန်းမောက်၊ ပင်လည်ဘူး စသည့် ရွှေဘိုခရိုင်နှင့် ကသာခရိုင်အတွင်းရှိ မြို့နယ်များ၊ အခြားဆက်စပ်မြို့နယ်များမှ ဒေသခံပြည်သူများအတွက် အရည်အသွေးပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဤပြည်သူ့ဆေးရုံသစ်ကြီးက ကျယ်ပြန့်ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်တော့မည် ဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပေသည်။

**ကန့်ဘလူမြို့ ခုတင် (၁၀၀)ဆံ့ပြည်သူ့ဆေးရုံ ဓာတ်မှန်ခန်းကို တွေ့ရစဉ်။**



မီးမှန်သမျှ သုံးတတ်က
မချမ်းသာ စဉ်ကင်းဝေး

# ရင်းငြိမ်တိုက်နယ်နှင့် ပေါင်ဆေးရုံများ စစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ဖေဖော်ဝါရီ ၈ ရက်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပြည်သူ့ဆေးရုံ၊ ရင်းငြိမ်တိုက်နယ်ဆေးရုံနှင့် ပေါင်မြို့နယ် ပြည်သူ့ဆေးရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးကာ လူနာများအား အားပေးခဲ့သည်။

**မှာကြား**

ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၉ ရက် နံနက်တွင် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များ၊ သူနာပြုဆရာမများနှင့် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများအား တွေ့ဆုံပြီး ပြောင်းလဲတိုးတက်နေသော ဆေးပညာရပ်ဆိုင်ရာများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးစားကြရန် လူနာများအား နွေးထွေးပျူငှာစွာ ကြိုဆိုကြပြီး စာနာထောက်ထားလျက် စိတ်ရင်းစေတနာကောင်းများဖြင့် ပြုစုကုသပေးကြရန် မှာကြားသည်။

**ဖြည့်ဆည်းပေး**

ထို့နောက် ဒုတိယဝန်ကြီးသည် ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကုသရေးလုပ်ငန်းအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# DTH စလောင်းများတပ်ဆင်မှုအခြေအနေ ပြန်လည်လေ့လာ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ဆောမြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးခင်မောင်နှင့် တာဝန်ရှိသူတို့သည် ဇန်နဝါရီ ၂၄ ရက်မှ ၂၈ ရက်အထိ DTH စလောင်းရရှိသော လောင်းရှည်၊ လှော်ကား၊ ဆီမီးနှင့် တင့်တူကျေးရွာများသို့လည်းကောင်း၊ ဖေဖော်ဝါရီ ၄ ရက်မှ ၆ ရက်အထိ DTH စလောင်းရရှိသော ကံချောင်း၊ပေါက်တော(၄ုက်)၊ ညောင်ကန်နှင့် ယောလက်ပံကျေးရွာများသို့ လည်းကောင်းကွင်းဆင်းကာစလောင်းတပ်ဆင်ပေးခဲ့သည့် အခြေအနေကို ပြန်လည်လေ့လာကြည့်ရှုကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် လှိုင်မြို့နယ် အမှတ်(၁) ရပ်ကွက် ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်း ဖိတ်ခေါ်ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပရာ ပထမရရှိသော အသင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် ပြိုင်ပွဲတာဝန်ခံ ဖွေးဖွေးဆောက်လုပ်ရေးမိသားစုမှ ကိုအောင် မြတ်စိုးတို့ ဆုများချီးမြှင့်စဉ်။**
(မြို့နယ် အား/ကာ)



**ဆုချီးမြှင့်**

**ကြည့်မြင်တိုင်မြို့နယ် အမက (၅)၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃၁ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုနှင့် ဘက်စုံထူးချွန်ဆုရသော မမေကြည်ဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စမ်းလွင် ဆုချီးမြှင့်စဉ်။**
(ကြေးမုံ)

# ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် မီးသတ်စခန်းများနှင့် ဌာနများ စစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် ဖေဖော်ဝါရီ ၈ ရက်မှ ၁၀ ရက်အထိ မကွေးတိုင်းနှင့် မန္တလေးတိုင်းရှိ မီးသတ်စခန်းများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနအောက်ရှိ ဌာနများကို ကြည့်ရှုစစ်ဆေးပြီး ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ "ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း"နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကာ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင်က "အရွယ်မရောက်သေးသူကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး"နှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါဆွေးနွေးပွဲသို့ မန္တလေးတိုင်းခရိုင်နှင့် မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးစဉ်။**
(သတင်းစဉ်)







## ရှင်းလင်းတင်ပြ

**NIBBAN ELECTRIC & ELECTRONICS ၏ New Product များ၊ Promotion Pakage များနှင့်စပ်လျဉ်း၍ Nibban group M.D ဒေါက်တာအောင်သိန်း ရှင်းလင်းတင်ပြစဉ်။**
(သတင်းစဉ်)

# NIBBAN ELECTRIC & ELECTRONICS ၏ အရောင်းကိုယ်စားလှယ်ကြီးများနှင့် တွေ့ဆုံပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

၁၉၇၂ ခုနှစ်မှ စတင်တည်ထောင်ခဲ့ပြီး ISO 9001:2008 လက်မှတ်ရ NIBBAN ELECTRIC & ELECTRONICS ၏ အရောင်းကိုယ်စားလှယ်ကြီးများအား ကျေးဇူးတုံ့ပြန်ဂုဏ်ပြုသည့် အရောင်းကိုယ်စားလှယ်ကြီးများနှင့် တွေ့ဆုံပွဲ (Dealer's Night) အခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် ညနေ ၆ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာကျွန်းရှိ Western Park Royal Restaurant ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် New Product များ၊ Promotion Pakage များနှင့်စပ်လျဉ်း၍ Nibban group M.D ဒေါက်တာအောင်သိန်းက ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ၂၀၀၉ ခုနှစ် ရောင်းအားအကောင်းဆုံး Nibban Electric & Electronics နှင့် KINIK ကိုယ်စားလှယ်များအား ဦးသိန်းကြည်(Chairman of Nibban Group)နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ကြသည်။

ဆက်လက်၍ Enduser နှင့် Dealer's Night အခမ်းအနားတက်ရောက်ကြသော ကိုယ်စားလှယ်များအား ကံစမ်းမဲများဖွင့်လှစ်ပေးသည်။ NIBBAN Group သည် TV Antenna၊ TV Antenna Booster၊အင်ဗာတာ၊ UPS၊မီးအားမြှင့်စက်၊ ဘက်ထရီအားသွင်းစက်၊ Safeguard, TV, DVD/ EVD Player၊ Amplifier Sound Box၊ Air Conditioner၊ Air Cooler၊ ရေခဲသေတ္တာ၊ Hot & Cold Water Dispenser၊ အဝတ်လျှော်စက်၊ Chest Freezer၊ Infrared Cooker၊ လျှပ်စစ်ပန်ကာ၊ လျှပ်စစ်ထမင်းပေါင်းအိုး၊ လျှပ်စစ်မီးပူ၊ လျှပ်စစ်ရေနွေးကရား၊ အိမ်သုံး၊ လုပ်ငန်းသုံး၊ စက်ရုံသုံး လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများကို ထုတ်လုပ်ရောင်းချလျက်ရှိသည့်အပြင် ၂၀၁၀ ခုနှစ်တွင် မော်ဒယ် ACS-9L24 1Hp Split Type Air Conditioner၊ ACS-12L24 1.5 Hp Split Type Air Conditioner နှင့် Cf-200L-200L Chest Freezer with Indoor Light, Glass Door & Door Lock၊ Cf-250L-250L Chest Freezer with Indoor Light, Glass Door & Door Lock များ၊ ရေခဲသေတ္တာ၊ LCD TV များကို တိုးချဲ့ထုတ်လုပ် ဖြန့်ဖြူးရောင်းချမည်ဖြစ်ပြီး ရုံးချုပ်နှင့် အရောင်းခန်းမများမှာ ရန်ကုန်မြို့ လသာမြို့နယ် ဗိုလ်ရွှေလမ်း အမှတ် (၁၆၄) ဖုန်း-၃၈၄၇၃၀၊ ၃၈၉၅၂၉ နှင့် စက်ရုံ No. 126, Matkhayar Min Thar Gyi Street, City of Industry (East Dagon) ဖုန်း-၅၈၅၁၀၃၊ ၇၀၀၄၇၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# နည်းပညာတက္ကသိုလ်(သန်လျင်) စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(သန်လျင်)၏ ဒုတိယအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီတွင် ယင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ နည်းပညာတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ဒေါက်တာအောင်ကျော်မြတ်က အမှာစကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများ၏ စုပေါင်းသွေးလှူဒါန်းမှုများကို နည်းပညာတက္ကသိုလ်(သန်လျင်)ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေး၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။(**အပေါ်ပုံ**) (ခရိုင်ပြန်/ဆက်)

**အမက(၂) ပန်းဘဲတန်း ၂၀၀၈-၂၀၀၉ ခုနှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ၂၀၀၉ -၂၀၁၀ ဘက်စုံပညာဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၈ ရက်က ကျင်းပရာ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်၌ သူငယ်တန်း(ခ)မှ ပထမဆုရရှိသူ မမေဇင်နွယ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်စန်းနွဲ့ ဆုချီးမြှင့်စဉ်။** (ပညာရေး)



# (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား အမြို့မြို့အနယ်နယ်များတွင် ကျင်းပ



**(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား နေပြည်တော် တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနေအောင် ဖတ်ကြားစဉ်။** (၀၉၂)



**(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ငြိမ်း ဖတ်ကြားစဉ်။** (၃၂)



**(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား ပန်းဘဲတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်မျိုးအောင် ဖတ်ကြားစဉ်။** (မြို့နယ် ပြန်/ဆက်)



**(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်စံသာ ဖတ်ကြားစဉ်။** (၃၄၂)

# ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံများ ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ဆောမြို့နယ် လေှာ်ကားရွာ ပညာလှော်တက်စာကြည့်တိုက် အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက်က အဆိုပါ အဆောက်အအုံနေရာ၌ ကျင်းပရာ အဆောက်အအုံကို ဆောမြို့နယ် ပြန်/ဆက် ဦးစီးမှူး ဦးခင်မောင်၊ ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် ဆောမြို့နယ် ရုပ်/သံလွှင့် စက်ရုံတာဝန်ခံ ဦးနိုင်လင်းတို့က ပန္နက်တင်ကြပြီး သတ်မှတ်ရက်အတွင်း အဆောက်အအုံပြီးစီးရေး၊ စံ (၅) ချက်နှင့်ညီသော စာကြည့်တိုက်ဖြစ်ပေါ်လာရေးတို့ကို ဆွေးနွေးကြသည်။

အလားတူ မင်းလယ်ကျေးရွာ ပညာအလင်းရောင်စာကြည့်တိုက်အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၁ ရက်က ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# လမ်း၊ တံတားလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးတင့်ဆွေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင့်ဆွေ အား ဖေဖော်ဝါရီ ၈ ရက်တွင် တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၂) ပဲခူးတံတား တည်ဆောက်ရေးစီမံကိန်း ရှင်းလင်း ဆောင်၌ တံတားအထူးအဖွဲ့(၂)မှ အင်ဂျင်နီယာမှူး ဒေါ်သန်း ရီက ပဲခူးတံတားတည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင် ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးခင်မောင်ဆွေနှင့် ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(လုပ်ငန်း) ဦးကျော်လင်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက တံတားတည်ဆောက်ရေး လုပ်ငန်းများကို သတ်မှတ်ချိန်အမီပြီးစီးအောင် တည်ဆောက် သွားရန်နှင့် လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး အထူးအလေးထား ဆောင်ရွက်သွားကြရန် မှာကြားသည်။

**လှော်သိုင်းတံတား**

ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၉ ရက်တွင် တနင်္သာရီ တိုင်းအတွင်းရှိ လမ်းအခြေအနေများနှင့် ယင်းလမ်းရှိ လှော်သိုင်း တံတား တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)







**လှိုင်မြို့နယ် ဘက်စုံပညာရည်ထူးချွန်မှု ဆုပေးပွဲတွင် မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်မြင့်ရီ ဆဋ္ဌမအကြိမ်မြောက် အနာကြီးရောဂါတိုက်ဖျက်ရေး စာစီ စာကုံးပြိုင်ပွဲတွင် အထက်တန်းဆင့် ပထမဆုရရှိသော မအိခိုင်ဇင်အား ဆုချီးမြှင့်စဉ်။**
(ပညာရေး)

# Real Time Vehicle Tracking System (RTTS) သရုပ်ပြရှင်းလင်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

Million Commercial Co., Ltd. က တင်သွင်းသော Real Time Vehicle Tracking System (RTTS) သရုပ်ပြ ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဆူးလေ ဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ရှေးဦးစွာ Million Commercial Co., Ltd. မှ ဒါရိုက်တာဦးကျော် ပြည်စိုးက**(အပေါ်ယာပုံ)** အမှာစကားပြော ကြားပြီး Million Commercial Co., Ltd. မှ ဦးနိုင်ဦးက Real Time Vehicle Tracking System(RTTS) အကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် MRTV-4 အစီအစဉ်ကို ပြသပြီး Vehicle တွင် တပ်ဆင်ထား သော RTTS စနစ်ကို လက်တွေ့သရုပ်ပြ ကာ မေးမြန်းချက်များကို တာဝန်ရှိ သူများက ပြန်လည်ရှင်းလင်းဖြေကြားကြ သည်။

အဆိုပါ RTTS ( Real Time Vehicle Tracking System) ကိရိယာကို တပ်ဆင်ထားခြင်းဖြင့် မိမိပိုင်မော်တော် ယာဉ်၊ ကုမ္ပဏီပိုင် မော်တော်ယာဉ်များ၊ အဖွဲ့အစည်းပိုင် မော်တော်ယာဉ်များကို အချိန်နှင့်တစ်ပြေးညီ တိုက်ရိုက်စောင့်ကြပ် ကြည့်ရှုနိုင်ပြီဖြစ်သည်။ ယာဉ်သွားရာ လမ်းကြောင်းနှင့် ယာဉ်ရောက်ရှိရာနေရာ ကို သိရှိ၍ ယာဉ်မောင်းနှင်နေသော မိုင်၊ ကီလို အကွာအဝေးတို့ကို သိရှိနိုင် သည့်အပြင် မိမိယာဉ်ကို အလွဲသုံးစား လုပ်ခြင်း၊ မိမိ၏အဖွဲ့အစည်းအတွင်း မိမိယာဉ်ကို အကျိုးရှိစွာ တကယ်အလုပ် လုပ်/မလုပ်ကိုလည်း သိရှိနိုင်သည့် အပြင် မိမိမော်တော်ယာဉ်လုံခြုံမှုကို စောင့်ကြည့် ကာကွယ်နိုင်မည်ဖြစ်သည်။

ယင်း RTTS ( Real Time Vehicle Tracking System)ကို ဝယ်ယူအသုံးပြု လိုသူများအနေဖြင့် Million Commercial Co., Ltd. အမှတ်(၃၅) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၉-၈၆၁၄၉၄၅ နှင့် ၀၉-၈၀၂၂၀၂၅ တို့သို့ ဆက်သွယ်နိုင်သည်။ www.mili-com.com website သို့လည်း ဝင်ရောက် ကြည့်ရှုလေ့လာနိုင်သည်။ (သတင်းစဉ်)

# ပိုင်းမော်မြို့တွင်းလမ်းများ သဲကျောက်ခင်း

**ပိုင်းမော် ဖေဖော်ဝါရီ ၁၄**

ပိုင်းမော်မြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော မြို့တွင်းလမ်းများ ဖြစ် သည့် အမှတ်(၁)လမ်း၊(၁၂)လမ်း၊(၁၅)လမ်း နှင့် (၂၂)လမ်းတို့အား သဲကျောက်လမ်းခင်း ခြင်းလုပ်ငန်းကို နေ့စဉ်ဆောင်ရွက်လျက် ရှိရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးယုန်ဖု ဦးဆောင်နေမှုကို အမှုဆောင် အရာရှိ ဦးဌေးလွင်စိုးက ကြီးကြပ်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

# ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ကျင်းပပြီးစီး ပြည်ထဲရေးအသင်း တံခွန်စိုက်ဗိုင်း သုံးခုဆွတ်ခူး

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

၂၀၁၀ ခုနှစ် (၅၈) ကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ဒိုင်း အမျိုးသား တံခွန်စိုက် (ဝန်ကြီးဌာန ပေါင်းစုံ) ပြေးခုန်ပစ်ပြိုင်ပွဲ နောက်ဆုံး နေ့ပွဲစဉ်များကို ဖေဖော်ဝါရီ ၉ ရက်က လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပရာ ပြည်ထဲရေးအသင်းက တံခွန်စိုက်ဒိုင်း သုံးခုစလုံး ဆွတ်ခူးရရှိသွားသည်။**(ယာပုံ)**



ပြိုင်ပွဲအပြီးတွင် အမျိုးသားပြိုင်ပွဲ၌ ပြည်ထဲရေးအသင်းက ရွှေ ၁၀ ခု၊ ငွေ ခြောက်ခု၊ ကြေး တစ်ခု၊ ၁၃၈ မှတ်ဖြင့် ပထမ၊ ကာကွယ်ရေးက ရွှေ လေးခု၊ ငွေ ခြောက်ခု၊ ကြေးခြောက်ခု၊ ၁၂၀ မှတ်ဖြင့် ဒုတိယ၊ စီးပွား/ကူးသန်းအသင်းက ရွှေ နှစ်ခု၊ ငွေ ငါးခု၊ ကြေး ငါးခု၊ ၇၉ မှတ်ဖြင့် တတိယ၊ အမျိုးသမီးပြိုင်ပွဲတွင် ပြည်ထဲရေး အသင်းက ရွှေ ၁၀ ခု၊ ငွေသုံးခု၊ ကြေး ရှစ်ခု၊ ၁၅၃ မှတ်ဖြင့် ပထမ၊ စီးပွား/ကူး သန်းအသင်းက ရွှေ ငါးခု၊ ငွေ ရှစ်ခု၊ ကြေး ခြောက်ခု၊ ၁၁၉ မှတ်ဖြင့် ဒုတိယ၊ လယ်/ ဆည်က ရွှေ လေးခု၊ ငွေ လေးခု၊ ကြေး သုံးခု၊ ၉၁ မှတ်ဖြင့် တတိယတို့ ရရှိကြ သည်။ အမျိုးသား- အမျိုးသမီး ပြိုင်ပွဲနှစ်ခု ပေါင်းတွင် ပြည်ထဲရေးက ရွှေ ၂၀ ခု၊ ငွေ ကိုးခု၊ ကြေး ကိုးခု၊ ၂၉၁ မှတ်ဖြင့် ပထမ၊ စီးပွား/ကူးသန်းက ရွှေ ခုနစ်ခု၊ ငွေ ၁၃ ခု၊ ကြေး ၁၁ ခု၊ ၁၉၈ မှတ်ဖြင့် ဒုတိယ၊ ကာကွယ်ရေးက ရွှေ လေးခု၊ ငွေ ခြောက်ခု၊ ကြေး ခြောက်ခု၊ ၁၃၄ မှတ်ဖြင့် တတိယတို့ ရရှိကြသည်။ အမျိုးသားပြိုင်ပွဲ၊ အမျိုး သမီးပြိုင်ပွဲ၊ အမျိုးသား- အမျိုးသမီးပြိုင်ပွဲ တို့တွင် ဒိုင်းဆုရ ပြည်ထဲရေးအသင်းအား အား/ကာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဒိုင်းဆုများ ပေးအပ်ချီးမြှင့်သည်။ (ကြေးမုံ)

# တစ်နိုင်ငံလုံးတွင် သာယာမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီ တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအား ဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** တနင်္သာရီတိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှ အပူချိန်ထက် ၆ ဒီဂရီစင်တီဂရိတ်၊ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှ အပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** လွိုင်လင်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်နှင့် နမ့်စန်မြို့တွင် ၄ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော် တို့တွင် အများအားဖြင့် သာယာနေသည်။

**ဖေဖော်ဝါရီ ၁၅ ရက် ညနေထိ ခန့်မှန်းချက်။** ။ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်း တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအနည်းငယ်သာရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

# မီးဖို မီးကြွင်း မီးကျန် သတိပြုရန် နှိုးဆော်ချက်

- ♦ သင့်ရဲ့အိမ်မှာ မီးဖို မီးကြွင်း မီးကျန်မှတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများသုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲပြုလုပ်ရန်။
- ♦ သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများ ရှိပါက မီးကိုပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch)တို့ကို ချထားပြီးမှ အပြင်သို့ သွားခြင်းအား သတိထားပြီး အလေ့အကျင့်ပြုလုပ်ပါ။
- ♦ မီးဖို မီးကြွင်း မီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင် လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့သွားစဉ် မီးအားမြင့်စက်နှင့် မိန်းခလုတ် တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရား ဖြင့် သတိထားရန်။



**ပန်းအလှပင်**

**မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ပေါက်မြို့ သာယာလှပရေး လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးရာ ဗိုလ်ချုပ် လမ်းနှင့် ပခုက္ကူလမ်းဆုံရှိ လမ်းဘေးပန်းခုံတွင် ပန်းအလှပင်များ စိုက်ပျိုးထားရှိ မှုကို အမှုဆောင်အရာရှိ ဦးဌေးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လင်းတို့ ရှင်းလင်းတင်ပြကြစဉ်။**
(မြို့နယ်စည်ပင်)

# သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီး ဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီး နင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင် မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရ ထိရောက် စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါ သည်။

**(နေပြည်တော် ယာဉ်စည်းကမ်းထိန်း သိမ်းရေး ကြီးကြပ်မှုကော်မတီ)**

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

# မေဃဝတီမာန်အောင်ကျွန်းကို အနားသတ်ပေးထားသည့်

## မာန်အောင်ကျွန်းပတ်လမ်း ဖွင့်ပွဲသို့ တစ်ခေါက်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ
သာညာဏ်(သတင်းစဉ်)
အဆင်အပြင် - ခိုင်သန္တာရွှေ

၂၀၁၀ ခုနှစ် နှစ်ဆန်းသည်နှင့် သတင်းလုပ်ငန်းတာဝန်များဖြင့် ခရီးလမ်းပန်းက များလှသည်။ သွားခဲ့ရသည့်ဒေသများက ဘားအံ၊ မော်လမြိုင်၊ မြိတ်နှင့် ကော့သောင်းတို့ဖြစ်သည်။ သွားရသည့် အကြောင်းများက ဒေသဖွံ့ဖြိုးရေးဆောင်းပါးများနှင့် သတင်းကိစ္စများဖြစ်သည်။ သွားရသည့် အချိန်ကာလက နှစ်ဆန်းကာလ ဆောင်းရာသီဖြစ်နေသည့်အတွက် ခရီးစဉ်များတစ်လျှောက် ပင်ပန်းနွမ်းနယ်မှု သိပ်မရှိခဲ့။ ခရီးစဉ်များတစ်လျှောက် ဒေသများ၏ ဖွံ့ဖြိုးတိုးတက်လာနေမှုပုံရိပ်များသည်လည်း တစ်နှစ်နှင့် တစ်နှစ် မတူညီတော့ဘဲ ပိုမိုဖွံ့ဖြိုးတိုးတက်လာနေသည်ကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရပြန်သည်။

ခရီးစဉ်များပြီးသည်နှင့် မကြာမီရက်ပိုင်းအတွင်း၌ နောက်ထပ်ခရီးတစ်ခု ထပ်မံပေါ်လာပြန်သည်။ ပေါ်လာသည့်ခရီးစဉ်နှင့် တာဝန်ထမ်းဆောင်ရမည့် ခရီးစဉ် ခေါင်းစဉ်ကလည်း ကျွန်တော်၏ သတင်းသမားဘဝနှင့် လုပ်သက်အရ တစ်ခါမျှတွေ့ကြုံခဲ့ဖူးခြင်းမရှိသည့် သတင်းမျိုးဖြစ်သည်။ ဒါကြောင့် ထိုခရီးမျိုးကို သွားရမည်ဆိုတော့ ဝမ်းသာကြည်နူးမိသည်။

သွားရမည့် ခရီးစဉ်နေရာက ရခိုင်ပြည်နယ် မာန်အောင်ကျွန်း တာဝန်ထမ်းဆောင်ရမည့် ခရီးခေါင်းစဉ်က ဘင်္ဂလားပင်လယ်အော်အတွင်း တည်ရှိနေသည့် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံးကျွန်းဖြစ်သည့် မာန်အောင်ကျွန်းကြီးတစ်ကျွန်းလုံးအား အနားသတ်၍



မာန်အောင်ကျွန်းပတ်လမ်းပိုင်း တစ်နေရာကိုတွေ့ရစဉ်။

ပတ်လည်ဖောက်လုပ်ထားသော ကျွန်းပတ်လမ်းသစ်ကြီး ဖွင့်ပွဲဖြစ်သည်။ ထို့အတွက်ကြောင့် ဌာနမှပေးအပ်သည့်တာဝန်ကို ကြည်ဖြူစွာလက်ခံရင်း ရခိုင်သွေးချင်းတို့ဌာနေ မေဃဝတီမာန်အောင်မြေသို့ ခရီးဆက်ခဲ့ရသည်။

ရန်ကုန်မြို့မှ တစ်ဆင့် မာန်အောင်မြို့သို့ ဝေဟင်၊ မြေပြင်၊ ရေပြင် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍**

## ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖို မီးကြွင်း မီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။